ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊ (4-1-2016) (၈၄၃၅)



၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ယူနီယံဂျက်အလံကို ဖြုတ်သိမ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ လွှင့်တင်ခြင်းဖြင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။

# စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မတူကွဲပြားမှုများကို အင်အားအဖြစ်ပြောင်းလဲရယူ၍ ညီညွတ်မှုကို ကြိုးပမ်းဖော်ဆောင်ကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာ -

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအားလုံး ကောင်းကျိုးချမ်းသာ လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသားများသည် အမိမြေပေါ်တွင် နှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ထည်ဝါစွာရပ်တည်လာခဲ့ကြပါသည်။ မြေပေါ်မြေအောက် သယံဇာတကြွယ်ဝပြည့်စုံခြင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုထွန်းကားခြင်းတို့ကြောင့် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့နယ်ချဲ့မှုအရ ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။

ကိုလိုနီဘဝတွင် မြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှု၊ ဘာသာ သာသနာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတို့ကို ချိုးနှိမ်ထားသည့် အုပ်ချုပ်ရေးယန္တရားဖြင့် အုပ်ချုပ်ခြင်းခံခဲ့ရပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ➤

# (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။



(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့က နေပြည်တော်တွင် ဤကဲ့သို့ ခမ်းနားထည်ဝါစွာကျင်းပခဲ့သည်။

# တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးအင်အားစုများအားလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်

**ရှေ့ဖုံးမှ ➤**

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရရာလက်နက်စွဲကိုင်ပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး စည်းလုံးညီညွတ်စွာ ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီရင်းအစ်ကိုမောင်ရင်းနှမတို့သည် ခိုင်မာပြီး စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားရဲသည့် အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ်ကြိုးပမ်းခဲ့ကြသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်မှာ ယခုအခါ (၆၈)နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။

ဖက်ဒရယ်စနစ်အခြေခံသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားပြည်သူအပေါင်းက လက်တွဲညီညီ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရန် အဆင့် (၃)ဆင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပထမအဆင့်အဖြစ် ဒီမိုကရေစီအကြိုပြင်ဆင်မှုအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊ ၂၀၁၀ ခုနှစ် ပါတီစုံရွေးကောက်ပွဲကျင်းပ၍ ပထမဦးဆုံးလွှတ်တော်နှင့် အစိုးရဖွဲ့စည်းနိုင်ရန် ပြင်ဆင်ပေးခြင်းနှင့် ယခု ၂၀၁၅ ခုနှစ်တို့တွင် ဒုတိယအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပ၍ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ပြင်ဆင်ပေးခြင်း၊ ဒုတိယအဆင့်အဖြစ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို ညင်သာချောမွေ့စွာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သဖြင့် နိုင်ငံတကာအသိအမှတ်ပြုမှုများနှင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ခဲ့ခြင်း၊ တတိယအဆင့်အဖြစ် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာသည့်အဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပ ပဋိပက္ခများနှင့် တိုင်းရင်းသားလူမျိုးစုပြဿနာများ စသောစိန်ခေါ်မှုများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးယဉ်ကျေးမှုသစ်အရ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၏ အကျိုးကျေးဇူးတစ်ခုအနေဖြင့် အပစ်အခတ်



ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့ဖြင့် အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆက်လက်၍ ကျန်ရှိနေသေးသောအဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ရန် လမ်းစဖော်ထားပြီးဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုပိုမိုတိုးတက်လာစေသည့် အောင်မြင်သော စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နိုင်ရန် တိုင်းရင်းသား၊ ပြည်သူနှင့် တပ်မတော်တို့ တစ်သားတည်းပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတော်၏ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးပါဝင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးအင်အားစုများအားလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မတူကွဲပြားမှုများကို အင်အားအဖြစ်ပြောင်းလဲရယူ၍ ညီညွတ်မှုကို ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်ပါသည်။ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအားလုံး စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

> ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နိုင်ရန် တိုင်းရင်းသား ပြည်သူနှင့် တပ်မတော်တို့ တစ်သားတည်း ပူးပေါင်းဝိုင်းဝန်းဆောင်ရွက် ကြရန် လိုအပ်

မြန်မာပြည်သူတို့၏ တူညီသောဆန္ဒ (၂)ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအရေး စသည့်ကဏ္ဍစုံတို့ အဘက်ဘက်မှ တိုးတက်မြင့်မားမှုများဖြစ်ပေါ်လာရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည်-

- ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွရာသက်ပန် ပူးပေါင်းနေထိုင်ရေး။
- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး

ဟူသော(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက် (၄)ရပ်ကို အလေးအနက်ခံယူပြီး သွေးစည်းညီညွတ်စွာဖြင့် တာဝန်သိသိ သစ္စာရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ချစ်ကြည်စွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ■



## တောင်တရုတ်ပင်လယ်တွင်းရှိ ကျွန်းအတုပေါ် တရုတ်လေယာဉ်ဆင်းသက်ခဲ့မှု ဗီယက်နမ်ကန့်ကွက်

**ဟနွိုင်း ဇန်နဝါရီ ၃**

တောင်တရုတ်ပင်လယ်ရှိ ရေကြောင်းပိုင်နက် အငြင်းပွားနေသော နယ်မြေတစ်ခုအတွင်းရှိ ကျွန်းအတုတစ်ခုပေါ်၌ တရုတ်နိုင်ငံက တည်ဆောက်ထားသော လေယာဉ်ကွင်းတွင် တရုတ်လေယာဉ်တစ်စင်းဆင်းသက်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ရာရောက်ကြောင်း ဗီယက်နမ်နိုင်ငံက ဇန်နဝါရီ ၂ ရက်တွင် စွပ်စွဲလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

စပရက်တလီကျွန်းစုရှိ ဖာရီခရော့စ် သန္တာကျောက်တန်း၌ တရုတ်နိုင်ငံက လေယာဉ်ကွင်း တည်ဆောက်ထားခြင်းသည် တရားဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီဟိုင်ဘင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ လေယာဉ်ကွင်းသည် ဗီယက်နမ် ပိုင်ဆိုင်သော စပရက်တလီကျွန်းစု အစိတ်အပိုင်းတွင်တည်ရှိနေခြင်းကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးရာရောက်သည်ဟု လီဟိုင်ဘင်းက ပြောကြားသည်။

ဗီယက်နမ်အစိုးရ၏ စွပ်စွဲချက်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုသည်။ အသစ်တည်ဆောက်ထားသော လေယာဉ်ကွင်း၌ လေယာဉ်ဆင်းသက်ခြင်းသည် စမ်းသပ်လုပ်ဆောင်မှုတစ်ရပ်သာဖြစ်ပြီး မိမိတို့ အချုပ်အခြာအာဏာပိုင်စိုးမှုရှိသော နယ်မြေအတွင်း လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်အတွင်း ကျွန်းအတုတည်ဆောက်ခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရကလည်း ဝေဖန်ခဲ့သည်။ တရုတ်နိုင်ငံသည် စစ်ရေးရည်မှန်းချက်အရ ကျွန်းအတု တည်ဆောက်ခြင်းဖြစ်သည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။ **ရိုက်တာ။**



## တီဟီရန်ရှိ ဆော်ဒီသံရုံး တိုက်ခိုက်ခံရမှု လူ ၄၀ ကို အီရန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**တီဟီရန် ဇန်နဝါရီ ၃**

အီရန်နိုင်ငံ မြို့တော်တီဟီရန်ရှိ ဆော်ဒီအာရေဗျသံရုံးနှင့် မာရှဟက်မြို့ရှိ ဆော်ဒီအာရေဗျ ကောင်စစ်ဝန်ရုံးတို့ကို ဆန္ဒပြသူများက ဇန်နဝါရီ ၃ ရက် အစောပိုင်းက တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ရှီးယိုက်ဘာသာရေးခေါင်းဆောင်နှင့် အကြမ်းဖက်သမား ၄၆ ဦးကို ပြစ်ဒဏ်စီရင်ချက်အရ ကွပ်မျက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် အီရန်ရှိ ဆော်ဒီသံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့ကို ဆန္ဒပြသူများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီသံရုံး အဆောက်အအုံအတွင်းသို့ အီရန်ဆန္ဒပြသူများ အဓမ္မဝင်ရောက်လာကာ မီးရှို့မှု ပြုလုပ်ခဲ့ပုံကို ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ထင်ပေါ်ကျော်ကြားသော ရှီးယိုက်ဘာသာရေးခေါင်းဆောင် ရှိတ်နီမာအယ်နီမာနှင့် ၄၆ ဦးတို့ကို အကြမ်းဖက်မှုဆိုင်ရာ စွဲချက်များအရ သေဒဏ်ပြစ်ဒဏ်စီရင်ချက် ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ အီရန်တွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ဆော်ဒီသံရုံးအတွင်းသို့ စီးနင်းကာ မီးရှို့မှုပြုလုပ်ခဲ့မှုဖြင့် လူ ၄၀ ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း မာရှဟက်မြို့ရှိ ဆော်ဒ်ကောင်စစ်ဝန်ရုံးရှေ့တွင် ဆန္ဒပြပွဲဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ။**



## ဖမ်းဆီးခံကျောင်းသူ ၂၀၀ ပြန်လည်လွတ်မြောက်ရေးအတွက် ဘိုကိုဟာရမ်အဖွဲ့နှင့်ဆွေးနွေးရန် နိုင်ဂျီးရီးယားအစိုးရအဖွဲ့ အဆင်သင့်ဖြစ်

**အဘူဂျာ ဇန်နဝါရီ ၃**

အစ္စလာမ္မစ်စစ်သွေးကြွ ဘိုကိုဟာရမ်အဖွဲ့က ဖမ်းဆီးသွားသည့် ကျောင်းသူ ၂၀၀ ကျော်အား ပြန်လည်လွှတ်ပေးရေးနှင့် ပတ်သက်ပြီး နိုင်ဂျီးရီးယားအစိုးရအဖွဲ့အနေဖြင့် ညှိနှိုင်းဆွေးနွေးရန် အဆင်သင့်ဖြစ်နေကြောင်း နိုင်ဂျီးရီးယားနိုင်ငံသမ္မတက ယနေ့ ပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ် ဧပြီလတွင် ဘိုကိုဟာရမ်အဖွဲ့က နိုင်ငံ၏အရှေ့တောင်ဘက်ပိုင်းတွင် အဆိုပါကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့၏ ယုံကြည်စိတ်ချရသည့်ခေါင်းဆောင်မည်သူနှင့်မဆို အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရန် အစိုးရအဖွဲ့အနေဖြင့် အဆင်သင့်ဖြစ်နေကြောင်း ပြည်တွင်းမီဒီယာများနှင့် အင်တာဗျူးတစ်ခုတွင် နိုင်ဂျီးရီးယားသမ္မတ မူဟမ်မာဒူဘူဟာရီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ယင်းဖမ်းဆီးထားသည့်မိန်းကလေးများကို ကျွန်များအဖြစ်ရောင်းစားသွားမည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းကို ခြိမ်းခြောက်ခဲ့သည်။

လွန်ခဲ့သောနှစ် မေလက သမ္မတရာထူးတာဝန် စတင်ထမ်းရွက်ခဲ့သည့်အချိန်တွင် သမ္မတ ဘူဟာရီက အကြမ်းဖက်အဖွဲ့များကို အပြီးသတ် ချေမှုန်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ လွန်ခဲ့သောနှစ်ကုန်ပိုင်းက ဘိုကိုဟာရမ်အဖွဲ့အား ချေမှုန်းရန် အစိုးရတပ်ဖွဲ့များအား အမိန့်ပေးခဲ့သည်။

သို့သော် ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့သည် ၎င်းတို့၏ လူမဆန်သော အသေခံဗုံးခွဲတိုက်ခိုက်မှုများကို အပြစ်မဲ့အရပ်သားများအား ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိနေသေးကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

## ဒူဘိုင်းမြို့တွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် လေကြောင်းလိုင်းများ ကြန့်ကြာမှုရှိ

**ဒူဘိုင်း ဇန်နဝါရီ ၃**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ဒူဘိုင်းနိုင်ငံတကာလေဆိပ်၏ လေကြောင်းခရီးစဉ်အများအပြား ခရီးသွားလာမှု ခေတ္တရပ်ဆိုင်းထားရကြောင်း ဒေသန္တရသတင်းများအရသိရသည်။

မိုးရွာသွန်းမှုများကြောင့် မြို့တွင်းရှိ လမ်းမများပေါ်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ဒူဘိုင်းနိုင်ငံတကာလေဆိပ်ရှိ လေကြောင်းလိုင်းများ အချိန်ကြန့်ကြာခဲ့ရကြောင်းကို လေကြောင်းဆိုင်ရာထိန်းချုပ်မှုဌာနက ယင်း၏အွန်လိုင်းစာမျက်နှာတွင် ရေးသားထားကြောင်းသိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းမများပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်သည့်အပြင် ယာဉ်မတော်တဆတိုက်မိမှုများလည်း ဖြစ်ပွားခဲ့သည်။ ဒူဘိုင်းအာဏာပိုင်များက ယာဉ်မောင်းများအား မော်တော်ယာဉ်များကို အရှိန်လျှော့မောင်းရန် သတိပေးထားသည်။

ဒူဘိုင်းမြို့၏ ရာသီဥတုအခြေအနေမှာ လာမည့် ၂ ရက်ထိ ဆိုးရွားနိုင်ဖွယ်ရှိကြောင်း ဒေသန္တရ မိုးလေဝသနှင့်ဇလဗေဒဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ။**

## တာလီဘန်အဖွဲ့ဖွင့်ထားသော အကျဉ်းထောင်မှ အကျဉ်းသားများကို အာဖဂန်အထူးတပ်ဖွဲ့ကယ်တင်

**ကဘူး ဇန်နဝါရီ ၃**

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်းပြည်နယ်၌ တာလီဘန်အဖွဲ့က ဖွင့်ထားသော အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၅၉ ဦး လွတ်မြောက်စေရန် အာဖဂန်အထူးတပ်ဖွဲ့က ကယ်တင်ပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟဲလ်မန်းပြည်နယ် မြို့တော်လက်ရှ်ခါဂါးမြောက်ဘက်ရှိ ဒေသတစ်နေရာ၌ တာလီဘန်အဖွဲ့က ဖွင့်ထားသော အကျဉ်းထောင်တစ်ခုမှ ပြန်လည်လွတ်မြောက်လာသူများအနက် ၃၇ ဦးမှာ စစ်သားများဖြစ်ကြပြီး ခုနစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြကာ ကျန်သူများမှာ အရပ်သားများဖြစ်ကြကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒါလက်ဝါဇရီက ပြောကြားသည်။

ဟဲလ်မန်းပြည်နယ်ရှိ ခရိုင်များကို တာလီဘန်အဖွဲ့က လပေါင်းအတန်ကြာမျှ တိုက်ခိုက်လာခဲ့ပြီး သုံ့ပန်းများကို ဖမ်းဆီးထားခဲ့သည်။

ဟဲလ်မန်းပြည်နယ်ကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းနေသော တာလီဘန်အဖွဲ့ကို အစိုးရတပ်ဖွဲ့များက ပြန်လည်ချေမှုန်း တိုက်ထုတ်လျက်ရှိသည်။ တာလီဘန်စစ်သွေးကြွများကို မိမိတို့ဆက်လက်တိုက်ခိုက်နေရဦးမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက မြို့တော်ကဘူးတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ **ရိုက်တာ။**



# မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**အမေရိကန်ပြည်ထောင်စု**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိနှင့်အတူ အမေရိကန်ပြည်သူများက အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအတွက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အောင်မြင်စွာကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဖော်ဆောင်သွားမည့် သန္နိဋ္ဌာန်ချထားမှုကို သက်သေထူလျက်ရှိပါသည်။ ယင်းသမိုင်းဝင် အချိန်အခါကို အခွင့်ကောင်းယူကာ ပြည်သူများ၏ဆန္ဒကိုထင်ဟပ်မည့် အစိုးရတစ်ရပ်ဖွဲ့စည်းရေးအတွက် အဆွေတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအတွက် ချီးကျူးဂုဏ်ပြုပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ငြိမ်းချမ်းပြီး ချောမွေ့စွာ အသွင်ကူးပြောင်းမှုသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။ မိမိတို့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးကိစ္စရပ်များ၌ ပိုမိုတိုးတက်စေရန် အပြုသဘောဆောင်သော လုပ်ဆောင်ချက်များ ဆက်လက်ဖော်ဆောင်ပေးသွားရန် အဆွေတော်အား တိုက်တွန်းအပ်ပါသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ကူညီပံ့ပိုးသွားရန် အသင့်ရှိကြောင်းနှင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် မိမိတို့၏ ထိတွေ့ဆက်ဆံမှုများ ပိုမိုနက်ရှိုင်းစေရန် မျှော်လင့်ပါသည်။ နှစ်နိုင်ငံကြားဆက်ဆံရေးတိုးမြှင့်သွားရန်လည်း မျှော်လင့်ပါသည်။

**ဂျပန်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်းပြီး မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများ ပို့သရသည့်အတွက် ဝမ်းမြောက်မိပါသည်။

**အိန္ဒိယ**

အိန္ဒိယသမ္မတ ပရာနပ်ဗ် မူခါဂျီးက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အိန္ဒိယအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မြန်မာပြည်သူများအား လှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားဆက်နွှယ်မှုတို့သည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအတွက် အခြေခံများဖြစ်ကြပါသည်။ လွန်ခဲ့သောနှစ်များအတွင်း မိမိတို့၏ ပူးတွဲကြိုးပမ်းမှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကျယ်ပြန့်နက်ရှိုင်းစေခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံကြား ရှိရင်းစွဲဆက်ဆံရေးသည် လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ပါသည်။ အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်တိုးတက်ကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆက်လက်၍ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရာတွင် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့မှု၊ ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမှုနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဆွေတော်၏ ဦးဆောင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြထားသည်။

**ဘရာဇီး**

ဘရာဇီးသမ္မတ မစ္စ ဒဲလ်မာ ရိုးဆပ်ဖ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် မိမိနှင့် ဘရာဇီးပြည်သူများက အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ပျော်ရွှင်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သပါသည်။

**သြစတြေးလျ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သြစတြေးလျ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ပီတာကောစ်ဂရုက အဆွေတော်၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအား သြစတြေးလျအစိုးရနှင့် ပြည်သူများက ဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ၌ ထူးခြားသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကို သြစတြေးလျနိုင်ငံက ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ အုပ်ချုပ်မှုစနစ်၊ စီးပွားရေးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှု ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုအတွက် သြစတြေးလျနိုင်ငံမှ အထောက်အပံ့များပေးအပ်သွားမည်ဖြစ်သည်။

သြစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်း အကျိုးတူကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း မျှော်လင့်လျက်ရှိပါသည်။ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည်လည်း လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

**သီရိလင်္ကာ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သီရိလင်္ကာသမ္မတ မိုင်သရီပါလ ဆီရိစီနာက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၊ မြန်မာအစိုးရနှင့် ပြည်သူများထံသို့ ဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါသည်။

ထေရဝါဒဗုဒ္ဓဘာသာအပေါ် အခြေခံသော မိမိတို့နှစ်နိုင်ငံကြား သမိုင်းဝင်ဆက်ဆံရေးနှင့် ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုတို့ တိုးတက်လျက်ရှိသကဲ့သို့ မျက်မှောက်ခေတ်၏ ကဏ္ဍသစ်များတွင်ပါ လွှမ်းခြုံလျက်ရှိပါသည်။ နှစ်နိုင်ငံကြား ရင်းနှီးသောဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် လာမည့်နှစ်များတွင် ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ယုံကြည်ပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် မြန်မာပြည်သူများ တိုးတက်ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အလားတူ သီရိလင်္ကာဝန်ကြီးချုပ် ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ထံသို့လည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့သည်။

**ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ကင်ယုံနမ်က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၊ မြန်မာအစိုးရနှင့် ပြည်သူတို့အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။ မြန်မာပြည်သူတို့၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်အသင်း ချာရတီဖလား ဒုတိယအကြိမ်ရယူ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ရန်ကုန်အသင်းအား ဆုဖလားချီးမြှင့်နေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆ ရာသီ MNL ချာရတီဖလားပြိုင်ပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပသည်။

နည်းပြချုပ်သစ် အီမာဆင်၏ MNL ပွဲဦးထွက်ပြိုင်ပွဲမှာ ရလဒ်ကောင်းဖြင့် စတင်နိုင်ခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး အက်ဒီဆင်၏ ဂိုးဖြင့် ဗိုလ်စွဲခဲ့သည်။ ကစားသမားနှင့် နည်းပြအပြောင်းအလဲလုပ်ထားသည့် ရေႊဝတီအသင်းမှာ ကြိုးစားခဲ့သော်လည်း ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

ရန်ကုန်အသင်းမှာ အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမားများအနက် ဒဏ်ရာရနေသည့် မာဆယ်လိုမှလွဲ၍ အက်ဒီဆင်၊ ဖာနန်ဒို၊ ယာမာတိုရှီတို့အပါအဝင် ပြည်တွင်းကစားသမား အစုံအလင်ပါဝင်ခဲ့ပြီး ရေႊဝတီအသင်းမှာလည်း ပြည်တွင်း ပြည်ပကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်းခြေပိုသာခဲ့ပြီး ကြည်လင်း၏ ညာခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့သည်။ ၃၁ မိနစ်တွင် ရန်ကုန်အသင်းဂိုးစရခဲ့ပြီး ကြည်လင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် အက်ဒီဆင်က သွင်းယူခဲ့သည်။ ရေႊဝတီအသင်းမှာ ရုံဖန်ရုံခါ ထိုးဖောက်နိုင်ခဲ့သော်လည်း ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့ပြီး ရန်ကုန်ဂိုးသမား ဖာနန်ဒို ကာကွယ်နိုင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ရန်ကုန်အသင်းမှ ကျော်ကိုကို တစ်ကိုယ်တော် ထိုးဖောက်မှုများနေ၍ အခွင့်အရေးများ ဆုံးရှုံးခဲ့ပြီး ရေႊဝတီအသင်းမှာလည်း ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ရန်ကုန်အသင်းမှာ အက်ဒီဆင်၏ဂိုးဖြင့် ချာရတီဖလားကို ထပ်မံရယူသွားခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ ကျပ်သိန်း ၃၀ နှင့် ဘောလုံး အလုံး ၃၀ လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက အနိုင်ရရှိခဲ့သည့် ရန်ကုန်အသင်းအား ချန်ပီယံဆုဖလား ပေးအပ်သည်။ **(ရှိုင်းထက်ဇော်)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်တွင်းဘွဲ့ရ အမျိုးသား အမျိုးသမီး ဒုရဲအုပ်လောင်းရွေးချယ်ရေးဖြေစာမေးပွဲဖြေဆိုမှုကို ဇန်နဝါရီ ၂ ရက် နံနက်က နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၃)သပြေကုန်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ယာယီရဲမှူးချုပ်မျိုးဆွေဝင်း၊ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။**

***[ယင်းစာမေးပွဲသို့ တပ်တွင်းဘွဲ့ရ အမျိုးသား ၃၁၂ ဦးနှင့် အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၄၁၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။]***

ကိုကိုရှုပ(မန်းတက္ကသိုလ်)

# ညောင်တုန်းမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ကျင်းပရာ ရွှေဦးစွာ စုံညီပွဲတော်တို့နွဲပျော်သီချင်းကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများက ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဒေါ်ချိုချိုက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းအကြောင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုနှင်းသဘင်အခမ်းအနားကိုကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်အောင်မြင်သူများ၊ တိုင်းဒေသကြီးအဆင့် သင်္ချာထူးချွန်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ခရိုင်အဆင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာပြိုင်ပွဲ၊ ကဗျာ၊ စာစီစာကုံးဆုရရှိသူများ၊ ခရိုင်/တိုင်းဒေသကြီးအဆင့် ကဗျာ၊ စာပေ၊ ဂီတ၊ အားကစားထူးချွန်နှင့် ဘက်စုံထူးချွန်ဆုရရှိသူများအား မြို့နယ်ပညာရေးမှူး ဒေါ်ချိုချို၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူကလေးများက ပြဇာတ်၊ စတိတ်ရှိုး၊ တေးသရုပ်ဖော်အနုပညာစွမ်းရည်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# တိုင်းရင်းသားတို့၏ အသက်သွေးချွေးတို့ဖြင့် ရယူခဲ့သည့် လွတ်လပ်ရေးကြီး (၆၈)နှစ် တိုင်ခဲ့ပြီ

သတင်းဆောင်းပါး-သီသီမင်း
ဓာတ်ပုံ-ခင်မောင်ဝင်း



"လွတ်လပ်ရေးရှိန်ဝါသည် -- ထိန်ဖြာဝင်းလက်တလက်လက်ရောင်ခြည်---

မြန်မာ့မြေပေါ် ပေါ်ထွန်းခဲ့ပြီ---ထွန်းပါသကော ပြောပြမည်--

မဟာဗန္ဓုလမှစကာသည် ဗိုလ်ချုပ်တို့နောက်ဆုံးဖြစ်သည်။ (၁၁၂) နှစ်တိုင်တိုင် လွတ်လပ်ရေးအတွက် မြန်မာ့သွေးတွေလည်း တဖြိုင်ဖြိုင် ရွေးယူမှရခဲ့သည်--

ဟယ် လွတ်လပ်ရေး နင်ဘယ်ဆီကိုပြေးမလဲ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ရပါပြီ"

သီချင်းသီဆိုနေရင်း အသက် (၉၀) ကျော်အရွယ် အဘိုးအို စည်သူ ဦးငွေမောင်၏ အသံက တုန်ရီနေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရဖို့သေချာပြီဟု သိလိုက်ရသည့် အချိန်မှစ၍ လွတ်လပ်ရေး အလံတင်ပွဲအခမ်းအနားတွင် အဆိုပါသီချင်းကို သီဆိုရန် ချောက်မြို့မှ မကွေးမြို့သို့ သွားရောက် သီချင်းတိုက်လေ့ကျင့်ခဲ့ရသည့် အချိန်များကို မေ့နိုင်စရာမရှိတော့ဟု ၎င်းက ဆိုသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာ့မြေပေါ်တွင် နှစ်ပေါင်း (၁၀၀) ကျော်တိုင် လွှင့်ထူထားခဲ့သည့် ဗြိတိသျှတို့၏ ယူနီယံဂျက်အလံကို ဖြုတ်ချနိုင်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအလံကို တလူလူလွှင့်ထူနိုင်ခဲ့သည်။

ထိုနေ့မှာပင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းတွင်လည်း လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချနိုင်ခဲ့သည်။ အဆိုပါမော်ကွန်းကျောက်တိုင်တွင် ရေးထိုးထားသည့် ကမ္ပည်းတွင် "ဗမာကတစ်မျိုး၊ ကရင်ကတစ်မျိုး၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ (ကယား)တို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှ အကျိုးရှိနိုင်မယ်"ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ညက ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်ကလည်း နှောင်းလူတို့အတွက် အလေးထားစရာတစ်ခု ဖြစ်နေခဲ့သည်။

"၁၉၄၇ ခုနှစ်လောက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အောက်ဘက်မှာရှိတဲ့ လူတစ်ဖက်စာ အလွန်ကြီးတဲ့ ကညင်ပင်ကြီးသုံးပင်မှာ ဗိုလ်ချုပ်က တစ်နှစ်အတွင်း လွတ်လပ်ရေးရစေရမယ်လို့ရေးပြီး ဆိုင်းဘုတ်ကပ်ထားတာ အခုထိသတိရနေတုန်းပဲ"ဟု ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့ရှိ ရှေ့နေကြီး ဦးထွန်းဖြူ၏ ခြံတွင် နေထိုင်ခဲ့ပြီး MM PRIVATE School တွင် ကျောင်းတက်ခဲ့သည့် အသက် (၈၀) အရွယ် ဦးတိုးက ပြောပြသည်။

နှစ်ပေါင်း(၁၀၀)ကျော် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့်အတွက် သူ့ကျွန်အဖြစ် နွံနစ်မခံလိုသော မြန်မာနိုင်ငံနေရာဒေသ အနှံ့အပြားရှိ တိုင်းရင်းသားအားလုံးတို့က ရရာလက်နက်စွဲကိုင်ပြီး တွန်းလှန်ခဲ့ရာ တိုင်းရင်းသားတို့၏ အသက်သွေးချွေးတို့ဖြင့် ရယူခဲ့သည့် လွတ်လပ်ရေးကြီးသည် (၆၈) နှစ်တိုင်ခဲ့ပြီဖြစ်သည်။

"မြန်မာပြည်ကြီးလွတ်လပ်ရေးအတွက် ကြိုးပမ်းတဲ့ကာလမှာ တခြားတိုင်းရင်းသားတွေနဲ့အတူ မွန်တိုင်းရင်းသားတွေကလည်း အတူပူးပေါင်းပြီး တိုက်ပွဲဝင်ခဲ့ကြတာပါ။ တိုင်းပြည်တစ်ခုမှာအဓိကကတော့ ငြိမ်းချမ်းရေးပါပဲ။ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်သွားရင် အကောင်းဆုံးပေါ့"ဟု မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ (ရန်ကုန်)မှ ဦးမင်းစိုးအောင်က ၎င်း၏အမြင်ကိုပြောသည်။

ယနေ့ကာလတွင် နှစ်ပေါင်း(၆၀) ကျော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ရပ်စဲရေးကိုလည်း စားပွဲဝိုင်းပေါ်တွင် ဆွေးနွေးနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

တိုင်းရင်းသားတို့၏ အသက်သွေးချွေး ပေးဆပ်ပြီးရရှိခဲ့သော လွတ်လပ်ရေးအတွက် စိုက်ထူခဲ့သော လွတ်လပ်ရေးမော်ကွန်းဝင် ကျောက်တိုင်ကြီးသည် ယနေ့အချိန်ထိတိုင် ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ ထည်ထည်ဝါဝါ တည်ရှိနေဆဲပင်ဖြစ်သည်။

လွတ်လပ်ရေးမော်ကွန်းဝင်ကျောက်တိုင်ပေါ်တွင် ကမ္ပည်းမော်ကွန်းရေးထိုးထားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မိန့်ခွန်းနှင့်အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်းတွင်လည်း "ဤသမ္မတ နိုင်ငံသစ်ကြီးကို တည်ဆောက်ရာ၌ ပြည်သူလူထုကြီးသည် မိမိထမ်းဆောင်ရမည့် တာဝန်များကို ပျက်ကွက်လျှင် ဝါးအစည်းပြေသကဲ့သို့ ပြေတော့မည်ဆိုလျှင် ယနေ့စိုက်ထူသည့် ဤလွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကြီးသည် တာဝန်ပျက်ကွက်သော ပြည်သူလူထုကြီးကိုလည်းကောင်း၊ ဝါးအစည်းပြေသကဲ့သို့ ပြေတော့မည်ဖြစ်သော ပြည်သူလူထုကြီးကိုလည်းကောင်း အချိန်မီသတိပေးနိုင်သည် ဖြစ်ပါစေသတည်း"ဟု ထည့်သွင်းရေးထိုးထားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် တစ်ဦးကိုတစ်ဦး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ပြီး အပြန်အလှန် လေးစားမှု၊ ယုံကြည်မှုတို့ တည်ဆောက်၍ နေထိုင်သွားမှသာလျှင် ပြည်ထောင်စုကြီးသည် အေးချမ်းသာယာပျော်ရွှင်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားများ တစ်ဦးပေါ်တစ်ဦး သံသယများ၊ အမုန်းတရားများ၊ ရန်ငြိုးရန်စ အာဃာတ တရားများဖြင့် စစ်မီးတောက်လောင်နေပါက မိမိတို့ပြည်တွင်း၌ အေးချမ်းသာယာခြင်းသည် ပျောက်ကွယ်နေမည်သာဖြစ်သည်။

သို့ပါ၍ တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားပေါင်းစုံတို့၏ အသက်သွေးချွေးများပေးဆပ်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ရရှိခဲ့သော လွတ်လပ်ရေးကြီးကို ပြန်ပြောင်းအောက်မေ့၍ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်ကြလျှင်ဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အတူတကွ လက်တွဲလျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ။



## (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဓာတ်ပုံပြပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ရပ်ကွက်၊ ကျေးရွာနှင့်အခြေခံပညာကျောင်းများ၌ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် တဲကြီးကုန်းကျေးရွာနှင့် အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းများသို့ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက သွားရောက်ခင်းကျင်းပြသပေးသည်။

အဆိုပါ လွတ်လပ်ရေးနေ့ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းဓာတ်ပုံများ၊ (၂၀၁၅)ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပစဉ် မှတ်တမ်းဓာတ်ပုံများ၊ လွတ်လပ်ရေးဆိုင်ရာဆောင်းပါးများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆောင်းပါးများနှင့် ပညာရေးဆိုင်ရာ ဆောင်းပါးများ ခင်းကျင်းပြသပေးပြီး ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အထများနှင့် အသိပညာဗဟုသုတများတိုးပွားစေရန် သုတရသစာအုပ်များကိုလည်း ခင်းကျင်းငှားရမ်းပေးသည်။

ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၅၀ ကျော်တို့က ပြပွဲတွင်ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **သန့်မောင်(ပြန်/ဆက်)**

## ကရင်ပြည်နယ် ကျုံထော်ရေတံခွန်သို့ နေ့ချင်းပြန် သွားရောက်လည်ပတ်သူ အထူးများပြား

**ရန်ကုန် ဇန်နဝါရီ ၃**

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ကရင်ပြည်နယ်ရှိ ကျုံထော်ရေတံခွန်ခရီးစဉ်သို့ နေ့ချင်းပြန် သွားရောက်လည်ပတ်သူ အထူးများပြားလျက်ရှိကြောင်း ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများမှ သိရသည်။

ကရင်ပြည်နယ် မြိုင်ကြီးငူ အထူးဒေသရှိ ကျုံထော်ရေတံခွန်သို့ သွားရောက်လည်ပတ်သူများ ယခုနောက်ပိုင်းတွင် အထူးများ ပြားလာပြီးနေ့ချင်းပြန်သွားရောက်မှု ပိုမိုများပြားသည်ဟု သိရသည်။

"ကျုံထော် ရေတံခွန်နဲ့ ဘားအံက ဆဒ္ဒန်လိုဏ်ဂူခရီးစဉ်ကို တွဲပြီးပို့တာမျိုးတွေလည်းရှိတယ်။ ဘားအံက ဘုရားတွေဖူးပြီး နေ့ချင်းပြန် သွားတာများပါတယ်။ တစ်ညအိပ်တာက ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားတဲ့သူတွေ၊ ခရီးဆက်မယ့်သူတွေ အိပ်တာများတယ်။ ဘုရားဖူးပို့ဆောင်ရေးတွေ၊ အေဂျင်စီတွေကတော့ နေ့ချင်းပြန် ခရီးတွေ စီစဉ်တာများပါတယ်။ ဈေးကတော့ ၃၀၀၀၀၊ ၃၅၀၀၀ နဲ့ စရိတ်ငြိမ်း ပို့ဆောင်ပေးတာတွေ ရှိတယ်"ဟု ကျုံထော်ရေတံခွန်သို့ သွားရောက်လည်ပတ်သူ တစ်ဦးက ပြောသည်။

မြိုင်ကြီးငူ အထူးဒေသရှိ ကျုံထော်ရေတံခွန်သည် ဘားအံမှ တစ်နာရီခွဲကျော်၊ နှစ်နာရီခန့် မောင်းနှင်ရပြီး မြိုင်ကြီးငူ အထူးဒေသသည် သက်သတ်လွတ် ဒေသဖြစ်သော ကြောင့် သားငါးများ ယူဆောင်စားသုံးခြင်း၊ အရက်၊ ဘီယာများ သယ်ဆောင်သောက်သုံးခြင်းများကို လုံးဝခွင့်မပြုကြောင်း သိရသည်။

"ရန်ကုန်ကနေ ည ၁၂ နာရီလောက်က ထွက်သွားတာ ဘားအံကို မနက် စောစောရောက်ပါတယ်။ မြိုင်ကြီးငူကို ခရီးဆက်တော့ နည်းနည်းတော့ မောင်းရသေးတယ်။ နေ့ချင်းပြန်ဆိုရင် ခရီးနည်းနည်းလှမ်းပြီး ပင်ပန်းတယ်လို့ဆိုရမယ်။ ဒါပေမယ့် ရေတံခွန်ကို ရောက်ရင်တော့ အပန်းပြေရပါတယ်။ လှပပြီး အေးချမ်းပါတယ်။ သက်သတ်လွတ် ဒေသဖြစ်ပြီး အရက်သေစာ သောက်စားခြင်းကိုလည်း လုံးဝခွင့်မပြုပါဘူး။ အမှိုက်ပုံးတွေကိုလည်း စနစ်တကျ ထားပေးထားပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာမျိုး မရှိအောင် လုပ်ထားပါတယ်။ ဒါပေမယ့် ရေတံခွန်ဘေးက ဆိုင်တွေနဲ့ သန့်စင်ခန်းတွေကို ပိုပြီး သန့်ရှင်းသပ်ရပ်အောင် လုပ်မယ်ဆိုရင် ပိုကောင်းမယ်လို့ ထင်ပါတယ်" ဟု ကျုံထော်ရေတံခွန်သို့ ကိုယ်ပိုင်အစီအစဉ်ဖြင့် သွားရောက်ခဲ့သူ တစ်ဦးက ပြောသည်။



ယခုနှစ်တွင် ပြည်တွင်းခရီးသွား အထူးများပြားလျက်ရှိရာ ခရီးသွားများပြားသည့် ဒေသများအပြင် ယခုနောက်ပိုင်းတွင် ခရီးစဉ်အသစ်များ၊ နေ့ချင်းပြန်ခရီးစဉ်များကို သွားရောက်လည်ပတ်မှု များပြားလျက်ရှိသည်ဟု သိရသည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နေ့ချင်းပြန်ခရီးတိုမျိုးများ သွားရောက်မှု အထူးများပြားပြီး ကျုံထော်ရေတံခွန်သို့လည်း သွားရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

**(၀၀၁)**

## ပြည်တွင်းရေးရာ

# မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်စမ်းသပ်တိုင်းတာမှုများအား ပြည်ထောင်စုဝန်ကြီး သွားရောက်စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော MPRL ကုမ္ပဏီသည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Woodside Energy (Myanmar) Pte.,Ltd နှင့် Total E & P Myanmar တို့နှင့်ပူးပေါင်း၍ "ရွှေရည်ထွန်း" တွင်းအမှတ်(၁)ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်တူးဖော်ခဲ့ရာ ယနေ့အထိ အနက် ၅၃၀၆ မီတာထိ အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီဖြစ်သည်။**(အောက်ပုံ)**

အဆိုပါတွင်း၏ တူးဖော်ပြီးစီးမှုနှင့် တိုင်းတာတွေ့ရှိချက်များကို ကြည့်ရှုစစ်ဆေးရန်အတွက် တူးဖော်ရေးသင်္ဘော Deepwater Millennium ပေါ်သို့ ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ သွားရောက်ခဲ့ကြသည်။**(ယာပုံ)**

ရှေးဦးစွာ တူးဖော်ရေးသင်္ဘောပေါ်ရှိ ရှင်းလင်းခန်းမ၌ Woodside ကုမ္ပဏီမှ Vice President, Mr. Mark Thompson က တွင်းတူးဖော်ပြီးစီးမှုအခြေအနေနှင့် သဲကြောတိုင်းတာစစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း၊ MPRL ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အစုရှယ်ယာဝင်ကုမ္ပဏီများ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုရရှိသည်အထိ ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ကွက်အမှတ် A-6 ၏ စီးပွားဖြစ်ရှာဖွေဖော်ထုတ်နိုင်သည်အထိ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ယခုတိုင်းတာတွေ့ရှိချက်များကို အတည်ပြုလုပ်ငန်းများဆောင်ရွက်ပြီး အောင်မြင်မှုရရှိအောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဆွေးနွေးမှာကြားကာ တူးဖော်ရေးသင်္ဘောပေါ်ရှိ ပညာရှင်များကို သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွင်းတူးစက်ပေါ်သို့ လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရွှေရည်ထွန်း အမှတ်(၁)တွင်းသည် ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက် ငွေဆောင်ကမ်းခြေမှ မိုင် ၃၀ ခန့်အကွာ ကမ်းလွန်ပင်လယ်တွင် ရေအနက် ၂၀၃၃ မီတာနေရာ၌ တည်ရှိပြီး ၎င်းမှ ပင်လယ်ကြမ်းပြင်အောက် အနက် မီတာ ၅၀၀၀ ခန့်ရှိ Saung အမည်ရ လွှာတွန့်ခုံး (Anticline Structure)အတွင်း ဘူမိသက်တမ်း (Pliocene) သက်တမ်းရှိ သဲကျောက်လွှာများအထိ တူးဖော်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က သဲကြောစမ်းသပ်တိုင်းတာခြင်း(Wireline Log)ဆောင်ရွက်ခဲ့ရာ အနက် ၄၂၉၇ မီတာ၊ အနက် ၄၃၅၆ မီတာနှင့် အနက် မီတာ ၄၄၀၀ ရှိ သဲကြောသုံးခုအတွင်း သဘာဝဓာတ်ငွေ့များ ခိုအောင်းဖြစ်တည်နေကြောင်း တိုင်းတာတွေ့ရှိခဲ့သည်။

အဆိုပါတိုင်းတာတွေ့ရှိမှုများအရ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာ့ကမ်းလွန်လုပ်ကွက်များအတွင်း ဒေသမြောက်ဖျားပိုင်း ရွှေသဘာဝဓာတ်ငွေ့သိုက်မှစ၍ ဘင်္ဂလားပင်လယ်အော် ကမ်းလွန်အလယ်ပိုင်းနှင့် တောင်ပိုင်းလုပ်ကွက်များအထိ သဘာဝဓာတ်ငွေ့ခိုအောင်းဖြစ်တည်မှုရှိနိုင်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

စမ်းသပ်တိုင်းတာမှုများအပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် အကဲဖြတ်တွင်းများ တူးဖော်ခြင်းနှင့် အသေးစိတ်တိုင်းတာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသည့်အချက်အလက်များအရ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုအခြေအနေကို ဆက်လက်ဖော်ထုတ်အတည်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဓာတ်ပုံ - စွမ်းအင်



ဓာတ်ပုံ - စွမ်းအင်

**○ မြန်မာနိုင်ငံမှ**

ကနဦးရှာဖွေတွေ့ရှိသည့် အချက်အလက်များဖြစ်ပြီး အကဲဖြတ်သုံးသပ်မှုများကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါတွင်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်တူးဖော်ခဲ့သည်။ MPRL E & P သည် မြန်မာအမျိုးသားများ ဦးဆောင်သည့် ရေနံကုမ္ပဏီတစ်ခုဖြစ်ပြီး လုပ်ကွက်အမှတ် A - 6 ၏ Operator အဖြစ် ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို တစ်ဖွဲ့တည်း ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စတင်ခဲ့သည်ဟု ဆိုသည်။

MPRL E & P ၏ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က "ကျွန်တော့်အနေနဲ့ အခုအောင်မြင်မှုအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မြန်မာအမျိုးသားများ ဦးဆောင်တဲ့ ရေနံကုမ္ပဏီဖြစ်တဲ့ MPRL E & P အနေနဲ့ နည်းပညာ၊ ငွေကြေးအခက်အခဲများစွာကနေ ရခိုင်ကမ်းလွန်တောင်ဘက်ပိုင်းမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့တည်ရှိနိုင်မှု (Petroleum Play) ကို ပထမဆုံးရှာဖွေတွေ့ရှိခဲ့ပြီး နိုင်ငံတကာကုမ္ပဏီကြီးတွေ စိတ်ဝင်စားမှုကို ရရှိစေခဲ့ပါတယ်။

"အခုရှာဖွေတွေ့ရှိမှုဟာ ကမ္ဘာ့အဆင့် ကြီးမားတဲ့ဓာတ်ငွေ့သိုက်တစ်ခုကို ရှာဖွေတွေ့ရှိမှုအစဖြစ်နိုင်ပြီး MPRL E & P အနေနဲ့ အခုရှာဖွေတွေ့ရှိမှုကို အဆင့်မြှင့်တင်သွားဖို့အတွက် Woodside၊ Total E & P တို့နဲ့အတူ ဆက်လက်ရှာဖွေတူးဖော်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီရှာဖွေတွေ့ရှိမှုဟာ အဲဒီလုပ်ကွက်မှာ ပါဝင်ပတ်သက်နေတဲ့အဖွဲ့အစည်းတွေအားလုံး အထူးသဖြင့် မြေအောက်သယံဇာတများရဲ့ အဓိကပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်နဲ့ ပြည်သူပြည်သားအားလုံးကို အကျိုးဖြစ်ထွန်းစေမယ့် အောင်မြင်မှုဖြစ်တယ်လို့ ကျွန်တော်ယုံကြည်တယ်" ဟု ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



ဓာတ်ပုံ - စွမ်းအင်




ဓာတ်ပုံ - စွမ်းအင်

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးနှင့် ညီညွတ်ရေး

စိတြ

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ မြန်မာ့လွတ်လပ်ရေးထိန်းသိမ်းကာကွယ်သောကာလ၊ မြန်မာ့လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်သောကာလများ၌လည်း တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးသည် အထူးအရေးကြီးသောကဏ္ဍများမှပင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

စည်းလုံးညီညွတ်မှု ပျက်ပြားချိန်တွင် တိုင်းပြည်ဝါးအစည်းပြေသကဲ့သို့ ပြိုကွဲခဲ့ရပြီး လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာလည်း တစ်စတစ်စယိုယွင်းလာကာ ဖရိုဖရဲဖြစ်ကြရသည်။ ထိုအဖြစ်မျိုးကို မြန်မာ့သမိုင်းကြောင်းတွင်သာမက ကမ္ဘာ့သမိုင်းကြောင်းတွင်လည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ အတိတ်ကာလက ဥရောပနိုင်ငံအချို့ ၎င်းတို့နိုင်ငံအတွင်း ညီညွတ်မှုယိုင်နဲ့ခဲ့သဖြင့် တိုင်းပြည်ပြိုကွဲရသည့်ဖြစ်စဉ်များနှင့် မျက်မှောက်ကာလတွင် ဆီးရီးယား၊ လစ်ဗျား၊ အီရတ် စသည့် အရှေ့အလယ်ပိုင်းနိုင်ငံများ ပြိုကွဲရသည့်ဖြစ်စဉ်များက အထင်အရှား သက်သေပြနေပါသည်။

မြန်မာနိုင်ငံသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် နိုင်ငံစည်းလုံးညီညွတ်ခဲ့သော အချိန်ကာလများက အင်အားတောင့်တင်းခိုင်မာကျယ်ပြန့်သော နိုင်ငံတော်ကြီးအဖြစ် တစည်းတလုံးတည်း တည်ရှိခဲ့ပြီး နိုင်ငံစည်းလုံးညီညွတ်မှု ပျက်ပြားသောအချိန်ကာလများက နိုင်ငံအတွင်းမှာပင် ကိုယ့်မင်းကိုယ့်ချင်း ဘုရင့်နိုင်ငံငယ်လေးများဖြင့် အစိတ်စိတ်အမြွှာမြွှာဖြစ်တည်ခဲ့သည်ကို မှတ်သားဖူးမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်း တည်ထောင်နိုင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ခေတ်က မြို့ပြနိုင်ငံတော်တည်ထောင်ခြင်းမှ တစ်ဆင့်တက်၍ အင်အားကြီးနိုင်ငံတော်ကြီးအဖြစ် တည်ထောင်နိုင်ခဲ့သည်။ ပုဂံနေပြည်တော်ကို ဗဟိုပြု၍ အနော်ရထာမင်းတည်ထောင်ခဲ့သော ပထမမြန်မာ အင်အားကြီးနိုင်ငံတော်သည် နှစ်ပေါင်း သုံးရာနီးပါး တည်တံ့ခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီမံခန့်ခွဲရေး၊ ကာကွယ်ရေးတို့မှအစ အင်အားတောင့်တင်းခိုင်မာခဲ့ပါသည်။

၁၆ ရာစုနှစ် တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် အင်အားကြီးဒုတိယနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြန်သည်။ ဘုရင့်နောင်မင်းတရားကြီး၏သားတော် နန္ဒဘုရင်လက်ထက်၌မူ ကာကွယ်ရေးအင်အားကျဆင်းပြီး တိုင်းပြည်ပြိုကွဲသွားခဲ့ပြန်ရာ ဘုရင့်နောင်၏ သားတော်တစ်ပါးဖြစ်သည့် ညောင်ရမ်းမင်းလက်ထက်၌ နိုင်ငံကို ပြန်လည်စည်းရုံးတည်ဆောက်ခဲ့ရပြန်သည်။ ထို့နောက် ညောင်ရမ်းမင်းအလွန် မင်းဆက်များလက်ထက်၌ တိုင်းပြည်အုပ်ချုပ်သူမင်းများ၏ အရည်အချင်းမပြည့်ဝမှုကြောင့် နိုင်ငံယိမ်းယိုင်ပြိုကွဲလုနီးပါး ဖြစ်ခဲ့ရပြန်သည်။

ယိမ်းယိုင်ပြိုကွဲနေသောနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းရန်အတွက် မုဆိုးဖိုရွာမှ ဦးအောင်ဇေယျ ဦးဆောင်ပြီး ရွှေဘိုကိုအခြေပြုကာ လူအင်အား၊ လက်နက်အင်အားစုဆောင်း၍ နိုင်ငံကို တစုတစည်းတည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အလောင်းမင်းတရား နန်းသက်ရှစ်နှစ်ကာလ အေဒီ ၁၇၅၂-၁၇၆၀ အတွင်း နိုင်ငံတော်ကို ပြန်လည်စုစည်းကာ အင်အားကြီးတတိယနိုင်ငံတော်အဖြစ် ထူထောင်နိုင်ခဲ့သည်။ ယနေ့ ရန်ကုန်မြို့တော်ကြီးသည် ရွှေဘိုမှ အလောင်းမင်းတရား ဦးအောင်ဇေယျက အောက်မြန်မာပြည်မှ ဒဂုံမြို့လေးကို ရန်အပေါင်းကုန်စင်ရာ ရန်ကုန်မြို့အဖြစ် သတ်မှတ်တည်ထောင်ပေးထားခြင်း ဖြစ်သည်။

နှစ်ပေါင်းများစွာ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အရှင်သခင်ဖြင့် လွတ်လပ်စွာနေထိုင်လာခဲ့သော မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ နယ်ချဲ့တို့၏ လက်နက်အင်အား၊ နည်းပရိယာယ်စွမ်းပကား အားကောင်းမှု၊ မြန်မာတို့၏လက်နက်အင်အား၊ စည်းလုံးညီညွတ်မှုစွမ်းပကား အားနည်းမှုတို့ကြောင့် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်မှာ သင်ခန်းစာယူဖွယ် ဖြစ်သည်။ သူ့ကျွန်ဘဝတွင်မနေလိုသူ မျိုးချစ်မြန်မာများက ၁၀ နှစ်တိုင်တိုင် နယ်ချဲ့ကို တွန်းလှန်ခဲ့ရာ မအောင်မြင်ဘဲ နှစ်ပေါင်းတစ်ရာကျော်ကြာ အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်။

သူ့ကျွန်ဘဝ နှစ်ပေါင်း တစ်ရာကျော်နေခဲ့ရသည့်ကာလအတွင်း လွတ်လပ်သောနိုင်ငံ။ ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံ။ ကိုယ့်အရှင်ကိုယ့်သခင်နိုင်ငံ။ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ။ တစည်းတလုံးတည်း တည်ရှိသောနိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိအောင် နည်းအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိအောင် နှစ်ပေါင်းတစ်ရာကျော်ကြိုးပမ်းခဲ့ရသော်လည်း ရရှိထားသောလွတ်လပ်ရေးဆုံးရှုံးပုံမှာ တစ်ခဏအတွင်းဖြစ်၍ မြန်ဆန်လွန်းလှသည်။

ဆိုချင်သည်မှာ နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးသလို အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ်ရှိရေးသည်လည်း မဖြစ်မနေလိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအချက်များ အားနည်းပါက လွတ်လပ်ရေးမြန်မြန်ဆုံးရှုံးနိုင်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် လည်းကောင်း၊ လွတ်လပ်ရေးထိန်းသိမ်းကာကွယ်မှုကာလတွင်လည်းကောင်း၊ လွတ်လပ်ရေးအစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သောကာလတွင်လည်းကောင်း စည်းလုံးညီညွတ်ရေးနှင့် အင်အားတောင့်တင်းသော တပ်မတော်ရှိရေးတို့သည် အရေးအကြီးဆုံး အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးမရမီကာလ၊ လွတ်လပ်ရေးရပြီးစကာလ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလများကို

> "သမဂ္ဂါနံ တပေါ သုခေါ"ဟူသည့် ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာသုခကို ရရှိစေသည်ဆိုသော တရားတော်လာအတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအားကောင်းမှသာ တိုင်းရင်းသားပြည်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းသာယာလုံခြုံမှုကို ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရရှိထားသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ပြန်ပြောင်းကြည့်လျှင် နိုင်ငံ့ခေါင်းဆောင်များသည် လွတ်လပ်ရေးရရှိအောင် စည်းလုံးညီညွတ်မှုကို ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရပြီး တပ်မတော်သည် ရရှိခဲ့သော လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ဆက်လက်၍ လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်း မျက်မှောက်ကာလအထိတိုင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တပ်မတော် အင်အားတောင့်တင်းခိုင်မာရေးတို့ကို မဖြစ်မနေဆောင်ရွက်ကြရသည်။

ရရှိပြီးသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို အထိပါးမခံရရေးဟုဆိုရာ၌ ပြည်တွင်းစည်းလုံးညီညွတ်မှုအားကောင်းနေဖို့ လိုအပ်ပါသည်။ တစ်တိုင်းတစ်ပြည်လုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် အတူတကွလက်တွဲ၍ အမြဲထာဝရချစ်ချစ်ခင်ခင် လက်တွဲကာနေထိုင်သွားကြမည်ဆိုပါလျှင် အတွင်းရန်ဟူ၍ ရှိတော့မည် မဟုတ်ချေ။ နိုင်ငံသားများ အမြဲထာဝရအေးချမ်းသာယာစွာဖြင့် ရပ်တည်နေထိုင်နိုင်ကြသည်။ အပြင်ရန်




ဟူသည် အတွင်း၌ ညီညွတ်မှုပျက်ပြားမှုသာလျှင် ဝင်ရောက်နိုင်သောကြောင့် ပြည်ပရန်ကာကွယ်ရေးအတွက်လည်း ကြိုတင်မြော်တွေးပြင်ဆင်ထားရသည်။

ယနေ့ကမ္ဘာ့ဖြစ်ရပ်များကို ကြည့်မည်ဆိုလျှင် ပြည်တွင်းစည်းလုံးညီညွတ်မှု အားနည်းသောနိုင်ငံများသည် ပြည်ပအန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ဖြစ်သွားခဲ့သည်။ တိုင်းတစ်ပါး၏ ကျူးကျော်စွက်ဖက်မှုကို ရင်ဆိုင်ကြရသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားအမျိုးအနွယ်ပေါင်း တစ်ရာကျော် စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ အခြားနိုင်ငံများ၌လည်း အမျိုးအနွယ်ပေါင်းများစွာ မှီတင်းနေထိုင်ကြသည်။ အမျိုးအနွယ်များအားလုံးတို့သည် ထိုနိုင်ငံ၏ တစ်မိုးအောက်ထဲတွင် အတူတကွနေထိုင်ကြသောအခါ အယူအဆကွဲပြားသော်လည်း ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားများ ဖြစ်သည်ဟု မှတ်ယူကာ အေးချမ်းစွာနေထိုင်ကြသည်။ ထိုနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာစွာနေထိုင်နိုင်ကြသည်။ အေးအတူပူအမျှ အတူတကွနေထိုင်မည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ရှိသောကြောင့် ထိုနိုင်ငံ၏ လွတ်လပ်ရေးတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

အကယ်၍ အေးအတူပူအမျှ အတူတကွနေထိုင်ကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ပျက်သုဉ်းသွားမည်၊ အားနည်းသွားမည်ဆိုလျှင် ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲပြီး ထိုနိုင်ငံအင်အားချည့်နဲ့သွားလိမ့်မည်။ ထိုအခါ သူတစ်ပါးကျူးကျော်စော်ကားခြင်း၊ အချင်းချင်းစစ်ခင်းခြင်းများ ဖြစ်ပွားကာ နောက်ဆုံးတွင် တိုင်းပြည်ပြိုကွဲပျက်စီး၍ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးမည့်အခြေအနေသို့ပင် ရောက်ရှိနိုင်သည်။

မြန်မာနိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ခေတ်နောက်ကျ ကျန်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့ခေတ်နောက်ကျ ကျန်ခဲ့ခြင်းသည် လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်ခဲ့သည့်ပြည်တွင်းပဋိပက္ခများကြောင့်ဖြစ်သည်ကို မေ့ပျောက်၍ မရနိုင်သည့် သင်ခန်းစာများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဖော်ဆောင်နေရသည်။

ပြည်ထောင်စုကြီးတစ်ခုလုံးတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြသောကြောင့် ယခုအခါ အခြေအနေကောင်းများ ရရှိလာခဲ့သည်။ ပြည်တွင်းပဋိပက္ခများ ထာဝရငြိမ်းချမ်းသွားစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြသည်။ "သမဂ္ဂါနံ တပေါ သုခေါ"ဟူသည့် ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာသုခကို ရရှိစေသည်ဆိုသော တရားတော်လာအတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအားကောင်းမှသာ တိုင်းရင်းသားပြည်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းသာယာလုံခြုံမှုကို ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရရှိထားသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးစ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းသောအခါ နိုင်ငံတော်တံဆိပ်**(အပေါ်ပုံ)**တွင်"သမဂ္ဂါနံ တပေါ သုခေါ"ဟူသောစာသားထည့်သွင်းထားခြင်းသည် လွတ်လပ်ရေးအတွက် ညီညွတ်ရေးမှာ အရေးကြီးပုံကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် အတူလက်တွဲပြီး အရယူပေးခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ပကျူးကျော်မှုများကို တပ်မတော်က အမိမြေမှ မောင်းထုတ်နိုင်ခဲ့သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာပြီဖြစ်သည့် ပြည်တွင်းပဋိပက္ခများသည် လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသည့် အယူအဆကွဲ၊ ဝါဒကွဲ၊ ယုံကြည်ချက်ကွဲများကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ရသည်။ စည်းလုံးညီညွတ်မှုပျက်ပြားလျှင် အချုပ်အခြာအာဏာ ဆုံးရှုံးနိုင်သည်ကို သတိချပ်သင့်သည်။ တစ်မိုးအောက်တွင် အတူနေသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်သည်ကို မမေ့သင့်ချေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူဦးရေအရသော်လည်းကောင်း၊ နိုင်ငံအကျယ်အဝန်းအရသော်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးမှုအရသော်လည်းကောင်း အိမ်နီးချင်းနိုင်ငံများနှင့် ကွာခြားသည်ကို သတိပြုသင့်သည်။ မဖွံ့ဖြိုးသေးသောနိုင်ငံငယ် တစ်နိုင်ငံ အစိတ်စိတ်အမြွှာမြွှာပြိုကွဲနေလျှင် မည်သို့ဖြစ်မည်ကို တိုင်းရင်းသားပြည်သူအားလုံး သိရှိထားရမည်ဖြစ်သည်။ မိမိတို့၏ဘိုးဘေးများ အင်အားစုစည်းမှု၊ စည်းလုံးညီညွတ်မှုကြောင့် တစုတစည်းတည်းဖြစ်တည်ခဲ့သော

စာမျက်နှာ ၉ သို့

## ပြည်တွင်းရေးရာ

●စာမျက်နှာ ၈ မှ

နိုင်ငံတော်ကြီး မည်မျှအားကောင်းခဲ့သည်ကိုလည်း မမေ့သင့်ပေ။ မိမိတို့နိုင်ငံတော်ကြီး အင်အားချည့်နဲ့သွားသောကြောင့် အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့ရသည်ကိုလည်း သင်ခန်းစာယူသင့်သည်။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အင်အားချည့်နဲ့သောကြောင့် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်ကို တိုင်းရင်းသားပြည်သူအားလုံး လက်မခံခဲ့ကြချေ။ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ပြန်လည်ရရှိအောင် တိုင်းရင်းသားပြည်သူအားလုံးတို့ပင် အတူတကွလက်တွဲပြီး ခက်ခက်ခဲခဲ အရယူပေးခဲ့ကြသည်။ ရရှိထားသောလွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည်ကိုလည်း သိရှိထားရမည်။

မှတ်မှတ်ရရဆိုရလျှင် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ်ကို လေးကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်စွဲကိုင်တိုက်ခိုက်မှု ပထမအန္တရာယ်ကြောင့် တိုင်းရင်းသားပြည်သူများ လွတ်လပ်ရေး၏အရသာကို မခံစားရဘဲ စစ်ဘေးစစ်ဒဏ်ကို ခံစားခဲ့ကြရသည်။ ၁၉၅၈ ခုနှစ်တွင် အာဏာရနိုင်ငံရေးပါတီအတွင်းမှ အကွဲအပြဲများသည် လက်နက်ကိုင်ပဋိပက္ခအထိ ဦးတည်လာသောကြောင့် အချုပ်အခြာအာဏာ မပြိုကွဲစေရန် ဒုတိယအကြိမ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန်သည်။

၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုကြီးမှ ခွဲထွက်မည့်အန္တရာယ် ပေါ်ပေါက်လာသောကြောင့် အချုပ်အခြာအာဏာကို တတိယအကြိမ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန်သည်။ ၁၉၈၈ ခုနှစ်တွင် တိုင်းပြည်ပျက်လုခမန်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ နိုင်ငံတော်၏ လုံခြုံမှုအတွက်သာမက နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိပါးမှုတို့တွင်ပါ စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်လာသောကြောင့် တပ်မတော်က စတုတ္ထအကြိမ် နိုင်ငံကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် ဆိုးမွေများကြောင့် မျက်မှောက်ကာလတွင်လည်း ပြည်တွင်းပဋိပက္ခများ အပြီးတိုင် မချုပ်ငြိမ်းသေးချေ။ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေး ရရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြရသည်။

ယင်းဖြစ်စဉ်များအားလုံးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အသက်တမျှတန်ဖိုးထားသည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သတိချပ်သင့်သည့်၊ ဆက်လက်ဆောင်ရွက်သင့်သည့် အချက်များဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး အတူတကွ လက်တွဲနေထိုင်သွားကြရမည်ဖြစ်ပါသည်။ ။

## ၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ☆ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

## ဘိုးဘွားအမွေ တိုးပွားစေ

(တျာချင်း)

✍ လွတ်လပ်ရေးနေ့၊ ဆင်မွှေ့ဒီချိန်ခါ
အလံတော်အား၊ လေးစားဦးညွတ်ကာ၊
မေ့မရပါ၊ ထင်လာပုံရိပ်။
လွတ်လပ်ရေးတွင် တိုက်ပွဲဝင်
ဟိုစဉ်သမိုင်း အတိတ်ဆီသို့လေး။

✍ လက်သည်းကိုဆိတ်၊ လက်ထိပ်ပါနှာကျင်
ဒို့ဘိုး ဒို့ဘွား၊ နိုးကြားခဲ့သည်ပင်၊
လက်တွဲတူယှဉ်၊ အားအင်စုနှင်း။
နယ်ချဲ့မိစ္ဆာ တိုက်ထုတ်ကာ
မြန်မာအောင်ပွဲ ခင်းသည်တည့်လေး။

✍ သွေးအသက်ရင်း၊ ဆောင်ကြဉ်းပေးအပ်ကာ
ကိုလိုနီအောက်၊ လွတ်မြောက်ခဲ့ရတာ၊
ယနေ့တိုင်ပါ၊ ရင်မှာတည်စွဲ။
ထိပါးမခံ ကျူးကျော်ရန်
မျိုးမာန်သတ္တိ ရဲသည်တည့်လေး။

✍ ဘာမထီဖွဲ့၊ ခိုင်မြဲတဲ့သစ္စာ
ပြည်ထောင်စုဖွား၊ အင်အားတောင့်တင်းကာ၊
အေးချမ်းလို့သာ၊ စည်ဖြာဖို့မှန်း။
တက်ညီလက်ညီ ရှေ့သို့ချီ
ရွှေပြည်တစ်ခေတ် ဆန်းသည်တည့်လေး။

✍ တစ်စိတ်တစ်ဝမ်း၊ အေးချမ်းလို့ပျော်ရွှင်
လွတ်လပ်ရေးနေ့၊ ဆင်မွှေ့ပွဲသဘင်၊
ဖေးမတူယှဉ်၊ ချစ်ကြင်လေးစား။
ပိုင်နက်တည်စံ တို့အလံ
မိုးယံဝင့်ဝင့် ကြွားသည်တည့်လေး။

✍ ဘိုးဘွားအမွေ တိုးပွားစေ ဆောင်ရန်သစ္စာတည်။
နိုးကြားမသွေ ကြိုးစားနေ အောင်လံလွှင့်ကာချီ။

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်

ရေနံ့သာမောင်ကျော်ညွန့်

## (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ကျောင်းကုန်း ဇန်နဝါရီ ၃**

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ပြည်သူ့အားကစားကွင်းကြီးအတွင်း၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အားကစားပြိုင်ပွဲတွင် မူလတန်းအဆင့် မီတာ ၅၀၊ ၇၅၊ ၁၀၀ အပြေးပြိုင်ပွဲများ၊ မီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများ ကျင်းပခဲ့သည်။ ဒီဇင်ဘာ ၃၁ ရက်က အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀ အပြေးပြိုင်ပွဲများ၊ သံလုံး၊ သံပြားပစ်၊ အလျားခုန်၊ သုံးဆင့်ခုန်ပြိုင်ပွဲများလည်း ကျင်းပခဲ့ကြောင်း ပညာရေးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကံမမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ

**ကံမ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ပြည်သူ့အားကစားကွင်း၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

ပျော်ပွဲရွှင်ပွဲများအဖြစ် ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စီစဉ်ဆောင်ရွက်သော ကလေးပြပွဲပြိုင်ပွဲများပါဝင်ပြီး ဇာတ်ပွဲနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသော ဈေးဆိုင်ခန်းများတွင် ကံမမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ လာရောက်ကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**



## လွတ်လပ်ရေးနေ့ဂုဏ်ပြု ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၃**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျောက် ထောင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှေ့အားကစားကွင်း၌ ယနေ့နံနက် ၉ နာရီက ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ထောင့် ကျေးရွာရှိ ကလေး၊လူငယ်များက အားကစားနည်းများဖြစ်သော တာဝေး/တာနီး အပြေးပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အာလူးကောက် ပြိုင်ပွဲ၊ ပုံးရိုက်ပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ ဘောင်းဘီဝတ်ပြိုင်ပွဲ၊ ဝါးလုံးဆွဲပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ မုန့်ကိုက်ပြိုင်ပွဲ၊ ပုလဲချိတ်ပြိုင်ပွဲ၊ ငှက်ပျောပင်တက်ပြိုင်ပွဲ၊ ခရမ်းသီးဘောကန်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ဘောလုံးကန်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ပညာမြင့်မှ
လူမျိုးတင့်မည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုဏ္ဍလ၊ ဝေဠုဝန်စာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တတေဇနိယ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တပဒုမာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တဂုဏောသန၊ မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် (ကျိုက်ပိ)၊ အမှတ် ၁၄-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တပညိဿရာဘိဝံသ၊ သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ အမှတ်၂၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကဝိသာရ၊ ဝေဇယန္တာကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တကုန္ဒဝံသ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တဝိမလ၊ ကန်သာစာသင်တိုက်၊ မြစ်ငယ်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ ဝဲကြီးကျောင်းတိုက်၊ ဝဲကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
၅။ ဘဒ္ဒန္တသူရိယ၊ ကြာနီကန်စာသင်တိုက်၊ အမှတ် ၁၈-ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တကဝိန္ဒာဘိဝံသ၊ ပရိယတ္တိနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ရတနာသိင်္ဂီဒိုက်ဦးကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တဝိစိတ္တသာရ၊ စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၁၀။ ဘဒ္ဒန္တဝေပုလ္လ၊ ကျိုက်သီမွန်စာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၁။ ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ အောင်မြေရတနာကျောင်းတိုက်၊ အမှတ် ၅၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တဝိဇယ၊ ဝေဠုဝန်စာသင်တိုက်၊ ကျောင်းကြီးစု(ဝါးပြား) ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၁၃။ ဘဒ္ဒန္တသုမနာဘိဝံသ၊ မေဃဝတီကျောင်းတိုက်၊ လယ်တီကွင်း ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၄။ ဘဒ္ဒန္တဆွမ်တိဇ်ဖရဝနရတ် (Ven.Somdej Wannarat Chun Phrommakhutto )၊ ဝပ်ပဂွမ်းနိဝိတ်ဝိဟာရကျောင်း၊ ဖရနခွမ်းလမ်း၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။
၁၅။ ဘဒ္ဒန္တဓမ္မစိတ္တ(Ven.Professor Dr. Phra Brahmapundit)၊ Wat Payurawongsawat Varaviharn၊ သွန်ဘူရီ၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

**ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တကုန္ဒာစရိယ (သီတဂူ)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တမေဓိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တသုန္ဒရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တကုမာရ၊ သရက်တောကျောင်းတိုက်၊ ဧလာမြို့၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
၄။ ဘဒ္ဒန္တဝိမလသာရ၊ မြစည်းခုံစာသင်တိုက်၊ အမှတ် ၁၄-ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တသဒ္ဓမ္မာနန္ဒ၊ ပုသိမ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တသီလာစာရာဘိဝံသ၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ဓမ္မသုခကျောင်း၊ ညောင်သုံးပင်စာသင်တိုက်၊ မြို့မအုပ်စုရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တဉာဏဝရသာမိ၊ တောင်စွန်းစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။
၉။ ဘဒ္ဒန္တပညာသာရ၊ ရွှေနံ့သာစာသင်တိုက်၊ အရာရှိရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။
၁၀။ ဘဒ္ဒန္တပဏ္ဍဝ၊ ဖက်ပင်အိုင်စာသင်တိုက်၊ ၈/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၁။ ဘဒ္ဒန္တပဝရာဘိဝံသ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တဇာဂရ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် ၁၀ - ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၃။ ဘဒ္ဒန္တဝိလာသ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ အမှတ် ၁၄-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၄။ ဘဒ္ဒန္တဂုဏိဿရ၊ သံလွန်းကျောင်းတိုက်၊ သံလွန်းကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီး**

၁၅။ ဒေါ်ဥတ္တမနန္ဒီ၊ သာသနဝံသီ သီလရှင်စာသင်တိုက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသေဋ္ဌဉာဏ၊ သူရိယာရာမကျောင်းသစ်စာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။
၂။ ဒေါက်တာဘဒ္ဒန္တကုမာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တတေဇဝန္တ၊ သမားတော်ကျောင်းတိုက်၊ အမှတ် ၄ - ရပ်ကွက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တပညာဇောတ၊ ရွှေလရောင်စာသင်တိုက်၊ ကျောက်မြင့်ကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တပညာသီဟ၊ မဟာဝိသုတာရာမ (အလယ်)တိုက်၊ အမှတ် ၁၀-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ သာသနမာမကစာသင်တိုက်၊ ညောင်ပင်ကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ခေမာဝင်းကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တပညာသာမိ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဝမ်းတော်ပြည့်စာသင်တိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တစန္ဒာသိရီ၊ ဘုရားကျောင်းစာသင်တိုက်၊ နိုင်းပြိုင်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။
၁၁။ ဘဒ္ဒန္တဇနိန္ဒ၊ တန်ခိုးကျောင်းစာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၁၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၃။ ဒေါက်တာဘဒ္ဒန္တကောဝိဒသိရီ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ် ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သီလရှင်ဆရာကြီးများ**

၁၅။ ဒေါ်ကိတ္တိမာလာ၊ မဂ္ဂင်ချောင်ကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၁၆။ ဒေါ်သုနန္ဒီ၊ သာသနဟိတကာရီသီလရှင်စာသင်တိုက်၊ အမှတ် ၈-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

**ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသီလာနန္ဒ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တပညာတိက္ခ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တသုဇနိန္ဒာလင်္ကာရာဘိဝံသ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တပဏ္ဍိတ၊ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှဲရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တစန္ဒိမာဓဇ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။
၆။ ဘဒ္ဒန္တဥဇ္ဇောတ၊ နန်းဦးစာသင်တိုက်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
၇။ ဘဒ္ဒန္တဝါယမ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ် ၆-ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်။
၈။ ဘဒ္ဒန္တကိတ္တိသာရ၊ ပါဠိတက္ကသိုလ်မင်္ဂလာ ဇေယျာစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
၉။ ဘဒ္ဒန္တဝိစိတ္တဇောတိ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တတေဇောဘာသ၊ ဆွာစက်ရုံစာသင်တိုက်၊ ဆွာမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၁။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဉာဏ၊ အောင်သစ္စာစာသင်တိုက်၊ ဘိုးတော်ကုန်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တလောကဉာဏ၊ ဓမ္မိကတောရစာသင်တိုက်၊ ရွာတော်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။
၁၃။ ဘဒ္ဒန္တဝိစိတ္တာစာရ၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် (အရှေ့တိုက်)၊ အမှတ် ၁-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၁၄။ ဘဒ္ဒန္တပညာသာမိ၊ တိုက်ကျောင်းစာသင်တိုက်၊ တရုပ်စုရပ်ကွက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၁၅။ ဘဒ္ဒန္တဇောတိက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၆။ ဘဒ္ဒန္တဓမ္မပါလ၊ စည်သာကျောင်း၊ အဘယာရာမမိုးထိတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၇။ ဘဒ္ဒန္တနန္ဒမေဓာ၊ မဟာအောင်မြေရွှေဘုံစာသင်တိုက်၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။
၁၈။ ဘဒ္ဒန္တဥက္ကံသ၊ ပြဿတိုက်ကျောင်း၊ ပြဿတိုက်ကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၉။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဂန္ဓာရုံစာသင်တိုက်၊ အမှတ် ၁၄/၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၀။ ဒေါက်တာဘဒ္ဒန္တကေတု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၁။ ဘဒ္ဒန္တပဏ္ဍိတ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၂။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ရွှေသမင်နန္ဒဝန်စာသင်တိုက်၊ တောင်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီး**

၂၃။ ဒေါ်နန္ဒမာလာ၊ ခေမာသိရီစာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဉာဏိဿရ၊ နတ်မော်ကျောင်းတိုက်နှင့် နတ်မော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြိတ်တောင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တသုမန၊ ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တကုသလ၊ မနောဟရီကျောင်းတိုက်၊ လှည်းဆိပ်စံပြကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တမုနိန္ဒ၊ ကန်မိန်းပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၅။ ဘဒ္ဒန္တဉာဏိန္ဒ၊ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်၊ ဂယာခရိုင်၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။
၆။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ဉာဏာဝါသကျောင်း၊ မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်၊ ဗုဒ္ဓနာဂရီရပ်ကွက်၊ ကုသိနာရုံမြို့(ကုသိနာရုံခရိုင်)၊ ဂေါ်ရခပူရ်တိုင်း၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဓမ္မပီယ၊ မင်းကျောင်းတိုက်၊ ဘော်လခဲမြို့၊ ကယားပြည်နယ်။
၂။ ဘဒ္ဒန္တပညာစက္က၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ ကြက်တူရွေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကြက်တူရွေးကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။
၄။ ဘဒ္ဒန္တပဏ္ဍဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုမြို့မပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

စာမျက်နှာ ၁၁ သို့

## သာသနာတော်ဆိုင်ရာ

❍ စာမျက်နှာ ၁၀ မှ

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၅။ ဘဒ္ဒန္တတေဇောဘာသ၊ တောကျောင်းပရိယတ္တိစာသင်တိုက်၊ အလယ်ကျွန်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ မဟာလယ်တီစံကျောင်းတိုက်၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။

၇။ ဘဒ္ဒန္တဉာဏိန္ဒ၊ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်)၊ တည်တောင်ကျေးရွာ၊ သာဝတ္ထိမြို့၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။

၈။ ဘဒ္ဒန္တဒေဝိန္ဒ၊ မင်္ဂလာသာစည်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ သက္ကလမြို့၊ ပဲခူးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တပညာဝံသ၊ တိလောကာရာမကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။

၁၀။ ဘဒ္ဒန္တဓမ္မိက၊ သာသနဝေပုလ္လလေးမျက်နှာစာသင်တိုက်၊ အမှတ် (၁) ရပ်ကွက်၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တတိက္ခ၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပြည်ကြီးမျက်ရှင်လေးကောင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တခေမာစာရ၊ သစ္စဝေဒဂူမိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ရေကြည်ကျေးရွာ၊ ရေတံခွန်တောင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တအကုံရ၊ သာသနဝိဇ္ဇောတတောင်ကျောင်း၊ ရွှေလေ့စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၄။ ဘဒ္ဒန္တဝါရိန္ဒ၊ ဘုရားကြီးကျောင်းတိုက်၊ ရှင်စောပုရပ်ကွက်၊ ကျိုက်မရောမြို့၊ မွန်ပြည်နယ်။

၁၅။ ဘဒ္ဒန္တကေတု၊ မြို့မပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မောင်တောမြို့၊ ရခိုင်ပြည်နယ်။

၁၆။ ဘဒ္ဒန္တဝိမလ၊ ဇေယျသုခကာရီတိုက်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ဘဒ္ဒန္တသုန္ဒရ၊ အရှေ့ကျောင်းတိုက်၊ ကန်ပြောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ဘဒ္ဒန္တသုဇန၊ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ အာဇာနည်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ဘဒ္ဒန္တသုစိတ္တ၊ နေနတ်သားစာသင်တိုက်၊ ဗားကရာလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ဘဒ္ဒန္တယသ၊ သာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အောင်မင်္ဂလာကျောင်းတိုက်၊ ဘရဏီလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ဘဒ္ဒန္တအဂ္ဂသေန၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ်။

၂၂။ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ အမှတ်(၁) ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။

၂၃။ ဘဒ္ဒန္တပညာသာမိ၊ သာသနဟိတာရာမပုခမ်းကျောင်းတိုက်၊ အရှေ့ပိုင်း (၃) ရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၄။ ဘဒ္ဒန္တနန္ဒသိရီ၊ ဓမ္မဓရမြန်မာသာသနာပြုကျောင်းတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ။

၂၅။ Most.Ven Phra Sophonvachirabhom(Sawai Chotiko), Wat Arunrajavararam, Wang Doem, Bangkok Yai၊ သွန်ဘူရီ၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

### မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိစာရဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တသီလာစာရ၊ ဝမ့်ကုန်းသာသနာပြုကျောင်း၊ ဝမ့်ကုန်းကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တယသ၊ ရွှေကျင်သရက်ကုန်းတောရကျောင်းတိုက်၊ ကျုံဖဲကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ ပရဟိတဂေဟာနှင့်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုဌာန၊ မြို့မ (၁) ရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်။

၅။ ဘဒ္ဒန္တပညာနန္ဒ၊ မေတ္တာရွှေပြည်ကျောင်းတိုက်၊ ဖိုးဝင်းတပ်ကျေးရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တဝိမလ၊ ကမ္ဘာအေးကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တသုန္ဒရ၊ ကျောင်းကြီးကျောင်းတိုက်၊ ရေနံ့သာကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တဝိလာသ၊ ရွှေစည်ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မန်ကျီးအုပ်ကျောင်းတိုက်၊ အမှတ်(၇) ရပ်ကွက်၊ သာစည်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တဥတ္တရသာရ၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ သီရိမင်္ဂလာသော်ကမြောင်ကျောင်းတိုက်၊ တောင်စွန်းမြို့၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၀။ ဘဒ္ဒန္တဥတ္တမ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သဝင်ချောင်းပရိယတ္တိစာသင်တိုက်၊ သဝင်ချောင်းကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၁။ ဘဒ္ဒန္တဝိရောစန၊ မဟာသုခါရာမကျောင်းတိုက်၊ ဓမ္မပါလလမ်း၊ အမှတ် (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တကောဝိဒ၊ ဇီးပင်ဝဲအနောက် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ဇီးပင်ဝဲကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တပညာစာရ၊ မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ (တတိယအဆင့်)၊ သစ္စာလမ်းနှင့် ဖိုးခေါင်လမ်းထောင့်၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တသုဝရ၊ ရွှေလီမောဝ်ခမ်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၆)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၅။ ဒေါက်တာဘဒ္ဒန္တတေဇဝန္တ၊ ရတနာဉာဏ်ရောင်ဓမ္မရိပ်သာ၊ ဒေလီစီးတီး၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ။

၁၆။ Ven. Shi Cheng Qing (ဘဒ္ဒန္တရှီချင်းကျင်)၊ SI EN ဘုန်းကြီးကျောင်း၊ ဝူကျိုးမြို့၊ BAI YUN တောင်၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

**သီလရှင်ဆရာကြီး**

၁၇။ ဒေါ်ဝဏ္ဏသိင်္ဂီ၊ ကမ္ဘောဇသိင်္ဂီ အမှတ်(၁) သီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်းတိုက်၊ မိုင်းယု (၁၀၅)မိုင် ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၁၈။ ဒေါက်တာအနော်ဇာ၊ ဆူလရှန်ကိတ္တိဝိဟာရကျောင်းတိုက်၊ ၁၃-ရပ်ကွက်၊ ချောဘမြို့နယ်၊ ကတ္တမန္ဒုမြို့၊ နီပေါနိုင်ငံ။

**လူပုဂ္ဂိုလ်များ**

၁၉။ ဦးစိန်တင့်၊ အမှတ်(၁၁၆/ဒီ)၊ အင်းယားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ဦးစိုးသိန်း၊ အမှတ်(၁၆-အေ/၂)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလ္လ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မဏိဇေယျသုခကျောင်းတိုက်၊ ဖားပြင်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တအဂ္ဂဝံသ၊ အုန်းတပင်ပရိယတ်+ပဋိပတ်တိုက်ကျောင်း၊ အုန်းတပင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တတေဇိန္ဒသာရ၊ မြို့ဦးရွာမပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တခေမိန္ဒ၊ အင်ဒိုင်းကုန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အင်ဒိုင်းကုန်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တဉာဏသိရီ၊ မော်တောင်ဘုန်းတော်ကြီးသင်(အခမဲ့)ပညာရေးကျောင်း၊ ပြင်းငယ်ကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တဝရသာမိ၊ ရွာလယ်ဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မုဒုကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တအာသဘ၊ ပန်းစုံကျောင်းတိုက်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တဝိစိတ္တာဘိပါလ၊ တောင်ပေါက်နှီးဘုရားကြီးကျောင်းတိုက်၊ တောင်ရိုးတန်းလမ်း၊ ဒိုင်းဝန်ကွင်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၉။ ဘဒ္ဒန္တကုန္ဒေဘာသ၊ ရာဟုလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ထန်းချောင်းကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၀။ ဘဒ္ဒန္တအာသဘ၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တကေသရ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တမာနိတ၊ ကျိုက္ကစံဝေဠုဝန်ရွှေကျင်တိုက်၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တဝိမလ၊ အောင်သာကုန်းကျောင်းတိုက်၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တသုန္ဒရ၊ ဟုန်းခမ်းပရိယတ္တိစာသင်တိုက်၊ ကျေးသီးမြို့၊ ရှမ်းပြည်နယ်။

၁၅။ ဘဒ္ဒန္တတိက္ခဉာဏ၊ လုံးပိုးမြောက်ကျောင်း၊ လုံးပိုးကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်။

၁၆။ ဘဒ္ဒန္တစန္ဒာဝရ၊ သုဝဏ္ဏာရာမကျောင်းခမ်း ပရိယတ္တိစာသင်တိုက်၊ ကျောင်းခမ်းကျေးရွာ၊ သိန်းနီမြို့နယ်၊ ရှမ်းပြည်နယ်။

၁၇။ ဘဒ္ဒန္တဇောတိက၊ ယန်းပူးကျောင်းတိုက်၊ ယန်းပူးကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တမုနိန္ဒ၊ ရွှေစကားဝါသုခဗလကျောင်းတိုက်၊ မန်စံရပ်ကွက်၊ နမ္မတူမြို့၊ ရှမ်းပြည်နယ်။

၁၉။ ဘဒ္ဒန္တဒေဝိန္ဒ၊ ကုန်းဆာကျောင်း၊ ကုန်းဆာကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်။

၂၀။ ဘဒ္ဒန္တနေမိန္ဒ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ နမ့်ပေါင်ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၁။ Ven. Suvanh CHANTHALATH (ဆရာတော်ဆုဗန်ချန်သလတ်)၊ လောင်းဘုရားကျောင်း၊ ချန်ပါဆတ်ခရိုင်၊ ချန်ပါဆတ်ပြည်နယ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ။

၂၂။ Ven.Basumitra Mohathero (ဆရာတော်ဘဆူမေတြာမဟာထေရော)၊ Deputy Sangharaja Dr.Jnanasree Mahathera ကျောင်းတိုက်၊ Sakpura ကျေးရွာ၊ စစ်တကောင်းခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

၂၃။ ဒေါက်တာဘဒ္ဒန္တကေလာနန္ဒ၊ ကမ္ဘောဇကျောင်း၊ ဂယာမြို့၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။

**သီလရှင်ဆရာကြီး**

၂၄။ ဒေါ်ဧသိင်္ဂီ၊ အတုလဇေယျဝံသီ သီလရှင်စာသင်တိုက်၊ ရပ်ကွက်(၅)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

**လူပုဂ္ဂိုလ်များ**

၂၅။ ဦးဗိုလ်မောင်မြင့်၊ ကျားတက်ကျေးရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၆။ ဦးအောင်ကျော်နိုင်၊ (18), Garth Court, Ellesmere Road, Chiswick၊ W 44 QL၊ လန်ဒန်မြို့၊ ဗြိတိန်။

### အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ စက်ရုံရပ်ကွက်၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တကေသရိန္ဒ၊ အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁) မြင်တော်သာလမ်း၊ အမှတ်(၇) အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ၊ မိုးကုတ်ဝိပဿနာ ဇေတဝန်ရွှေကျောင်းတော်၊ စံပယ်လမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တနန္ဒမာလာ၊ ကျိုက္ကမ္ဘမ်ဘုရားကြီး လိပ်ဥကုန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ (၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

### ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဇာတ၊ မဟာစည်သန္တိသုခရိပ်သာကျောင်းတိုက်၊ သာစည်ရပ်ကွက်၊ နတ္တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တမာနိတ၊ ငှက်ပစ်တောင် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မောင်းတိုင် (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တတေဇနိယ၊ မဏိရတနာကျောင်း၊ ပြဿာဒ်ကျောင်းတိုက်၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တပညာသာရ၊ ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာကျောင်းတိုက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တဓမ္မပါရဂူ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ကုန်းတလပေါင် စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်ခင်မြင့်၊ အမှတ် (၁၃၄)၊ ရွှေဘုံသာလမ်း၊ အမှတ် (၆) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ဆွေသဇင်၊ ခြံအမှတ်(၃)၊ ရွှေပြည်မန္တလာအိမ်ရာဝင်း၊ လမ်း(၃၀)၊ ၇၀×၇၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးစိုးသိမ်း၊ ရန်ပြည်မန်းလမ်း၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဦးစိုးနိုင်၊ ၄၁×၈၉ လမ်းထောင့်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်လှသင်း၊ အမှတ်(ခ/၃၆)၊ ၈၃×၂၀ လမ်းထောင့်၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ငြိမ်းငြိမ်း (ခ) ဒေါ်ငြိမ်းငြိမ်းနိုင်၊ အမှတ် (၄၅ /၄၆ )၊ (၆၈) လမ်း၊ ခိုင်ရွှေဝါလမ်းကြားနှင့် မနော်ဟရီလမ်းကြား၊ (ဆ-၁၂) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ အမှတ် (၂၁)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးတင်စိန်(ခ)ဦးနီနီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ချောချော(ခ)ဒေါ်အေးချော၊ အမှတ်(၆၆၁)၊ (၇၉)လမ်း၊ ၃၉× ၄၀ လမ်းကြား၊ မှန်တန်းရပ်၊ ဟေမမာလာတောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ထွေးထွေး(ခ)ဒေါ်ရီရီထွေး၊ အမှတ်(၁၂၄)၊ (၇၃)လမ်း၊ ၂၉×၃၀ လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါ်စန်းစန်းဝေ (ခ) ဒေါ်စန်းဝေ၊ အမှတ် (၄၁)၊ (၇၃ လမ်း၊ ၂၇×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဒေါ်မြင့်မြင့်သန်း၊ အမှတ်(၅၆)၊ (၇၂)လမ်း၊ ၂၈×၂၉ လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

စာမျက်နှာ ၁၂ သို့ ❖

# ၂၀၁၅ အဆိုးရွားဆုံးကစားသမားဝယ်ယူမှုအဖြစ် သတ်မှတ်ခံခဲ့ရတဲ့ ဒီပေး



၂၀၁၆ ဇန်နဝါရီဈေးကွက် မဖွင့်လှစ်သေးချိန်မှာ ၂၀၁၅အတွင်း ဖွင့်လှစ်ခဲ့တဲ့ ဈေးကွက်ကာလနှစ်ခုအတွင်း ကစားသမားမြောက်မြားစွာ ဝယ်ယူရောင်းချမှုတွေရှိခဲ့ပါတယ်။ ဒီထဲမှာမှ ဘယ်ကစားသမားကို ဝယ်ယူခဲ့တဲ့ အသင်းရဲ့ဝယ်ယူခဲ့မှုက အဆိုးဆုံးဖြစ်ခဲ့ပါသလဲ။ ဒါကို အရင် နယ်သာလန်ဂန္တဝင်ကစားသမား ရုဂူးလစ်က အဖြေထုတ်ပေးခဲ့ပါတယ်။ သူကတော့ ပီအက်စ်ဗွီကနေ မန်ယူဝယ်ယူခဲ့တဲ့ နယ်သာလန်တောင်ပံကစားသမား ဒီပေး ခေါ်ယူမှုလို့ ရွေးချယ်ပေးခဲ့ပါတယ်။

ရုဂူးလစ်က“ကျွန်တော်က သူ့ပရိသတ်ပါ။ ဒါပေမယ့် သူ့ကို မန်ယူက မျှော်လင့်ချက်ကြီးကြီးနဲ့ ခေါ်ယူမှုကို ဖျက်ဆီးပစ်လိုက်တာကလည်း သူကိုယ်တိုင်ပါပဲ။ ဒါ့ကြောင့် ဒီပေးခေါ်ယူမှုကို ၂၀၁၅ အဆိုးရွားဆုံးခေါ်ယူမှုအဖြစ်သတ်မှတ်ရမှာပါ”လို့ ပြောခဲ့ပါတယ်။

ဒီပေးဟာ ပြီးခဲ့တဲ့နွေဈေးကွက်က မန်ယူက ပေါင်၂၅သန်းပေးချေကာ ဝယ်ယူခဲ့ရတဲ့ကစားသမားဖြစ်ခဲ့ပေမယ့် ပထမဆုံး ဝင်ရောက်ကစားခွင့်ရတဲ့ သုံးပွဲလောက်မှာပဲ သူ့ရဲ့ အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ခဲ့ပြီး နောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းအောက် ရောက်ရှိခဲ့တဲ့သူပါ။ ဒါ့ကြောင့် သူ့ရဲ့ဆရာရင်းဖြစ်သူ ဗန်ဟားလ်ကတောင် ဒီပေးအနေနဲ့ အိုးထရက်ဖို့ဒ်ရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အစဉ်အလာတွေကို မထိန်းသိမ်းနိုင်ရင် မန်ယူနဲ့ အနာဂတ်ဆိုတာလည်း ရှိလာမှာမဟုတ်ပါဘူးလို့ သတိပေးခဲ့ရပါတယ်။

ရုဂူးလစ်ကတော့ ဒီပေးအနေနဲ့ ကွင်းတွင်း ခြေစွမ်းပျောက်ဆုံးမှုက ကွင်းပြင်ပ သူ့ရဲ့အပြုအမူဆိုးတွေရဲ့ နောက်ဆက်တွဲ အကျိုးရလဒ်လို့ ညွှန်းဆိုခဲ့ပါတယ်။မန်ယူမှာ ရရှိနေတဲ့ မြင့်မားလွန်းတဲ့ လုပ်ခလစာက ဒီပေးလို အပျော်အပါးလိုက်စားလွန်းတဲ့ လူငယ်ကစားသမားများအတွက် အကောင်းထက် အဆိုးကိုသာ ဦးတည်သွားစေတတ်ပါတယ်။ ဒီပေးက မိန်းမကိစ္စအရှုပ်အရှင်း မကင်းသူဖြစ်သလို၊ ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်ရေးကိုသာ ဦးစားပေးဆောင်ရွက်နေတတ်သူ ဖြစ်တာကြောင့် ပင်ကိုအရည်အသွေးရှိသူဖြစ်ပေမယ့် မန်ယူကိုရောက်ရှိလာပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာခြင်းမရှိဘဲ အကျဘက်ကိုတောင် ဦးတည်သွားတာကို ပရိသတ်တွေ တွေ့ကြရမှာပါ။

ဒီပေးကိုခေါ်ယူနိုင်ခဲ့စဉ်က မန်ယူရဲ့ ဝယ်ယူမှုကို တစ်ကမ္ဘာလုံးက ကောင်းမွန်တဲ့ခေါ်ယူမှုအဖြစ် ဝိုင်းဝန်းချီးကျူးခဲ့ကြပေမယ့် တကယ်တမ်းမှာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့တဲ့ ခေါ်ယူမှုသာ ဖြစ်ခဲ့ပါတယ်။ စီရိုနယ်လ်ဒို၊ ကန်တိုနာတို့ဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ်(၇)နေရာကို ဆက်ခံခွင့်ရခဲ့တဲ့ ဒီပေးဘာတွေလုပ်ပြနိုင်မလဲ ဆိုတာ မန်ယူပရိသတ်တွေက မျှော်လင့်ချက်ကြီးကြီးထားခဲ့ပေမယ့် အခုထိတော့ ပေးရတဲ့ကြေးနဲ့ ခြေစွမ်းက ပြောင်းပြန်အချိုးကျနေခဲ့တဲ့ ကစားသမားအဖြစ်သာ ရှိနေပါသေးတယ်။

**(မေလွဲသင်း)**

# တာစတီဂန်အတွက် ကြေးကြောက်နေတဲ့ လီဗာပူး

လီဗာပူးအသင်းက ဘာစီလိုနာဂိုးသမား တာစတီဂန်ကို ခေါ်ယူဖို့ချိတ်ဆက်နေပေမယ့် ဘာစီလိုနာက တောင်းဆိုတဲ့ကြေး ပေါင်သန်း ၂၀ ကိုတော့ ပေးချေလိုခြင်းမရှိဘူးလို့ ဂိုးဒေါ့ကွန်းက ဖော်ပြလာပါတယ်။ ဘာစီလိုနာက ဂိုးသမား ဘရာဗို ပြန်လည်ကြံ့ခိုင်လာပြီးနောက်ပိုင်း တာစတီဂန်ကို ချန်ပီယံလိဂ်ပွဲစဉ်တွေအတွက်သာ အသုံးပြုနေခဲ့တာကြောင့် တာစတီဂန်က ဒီထက်ပွဲထွက်ကစားခွင့် ပိုမိုရနိုင်တဲ့ အသင်းတစ်သင်းဆီကို ပြောင်းရွှေ့လိုနေတာပါ။လီဗာပူးက ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်မှာ ဒီဂျာမန်ဂိုးသမားကို အဆင်သင့်ခေါ်ယူနိုင်ဖို့ ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းနဲ့ ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။

တာစတီဂန်က မိုချန်ဂလာဘတ်မှာတုန်းက ပုံမှန်ပွဲထွက်ကစားခွင့်ရခဲ့ပေမယ့် ဒီနှစ်ဘောလုံးရာသီ ဘာစီလိုနာမှာတော့ ပွဲစဉ်(၁၂)ပွဲသာ ဝင်ရောက်ခွင့်ရသေးတဲ့အတွက် ဂျာမနီလက်ရွေးစင်အသင်းနဲ့အတူ ယူရိုဖလားပွဲဝင်ရောက်ကစားခွင့်ရစေဖို့အတွက် ဘာကာကနေ ထွက်ခွာချင်နေသူပါ။ ဘာကာဘက်ကလည်း တတိယဂိုးသမား မာဆစ်က ဘရာဗိုနေရာကို အသင့်ဝင်ရောက်ကစားနိုင်တဲ့အနေအထားရှိနေတာကြောင့် တာစတီဂန်ကို အရောင်းစာရင်းထဲ ထည့်သွင်းဈေးခေါ်နေတာဖြစ်ပါတယ်။ လီဗာပူးကလည်း တာစတီဂန်သာရောက်လာခဲ့ရင် ပထမဂိုးသမားနေရာပေးဖို့ အဆင်သင့်ရှိတယ်လို့ ကစားသမားကို ဆွဲဆောင်ကမ်းလှမ်းခဲ့တာကြောင့် တာစတီဂန်ကိုယ်တိုင်က သူ့ကို ပေါင် ၁၂ သန်းလောက်နဲ့ ရောင်းချပေးဖို့ ဘာကာကို တွန်းအားပေးရေး လီဗာပူးဘက်က မျှော်လင့်နေတယ်လို့ သိရပါတယ်။

**(မေလွဲသင်း)**

# သောမတ်စ်အားလူစားလဲလှယ်မှုမှန်ကန်ခဲ့ခြင်းကြောင့် အက်သလက်တီကို ဇယားထိပ်ရောက်လာဟု ဆီမြွန်နီယုံကြည်

အက်သလက်တီကိုနည်းပြ ဆီမြွန်နီက ဂျက်ဆန်မာတီနက်ဇ်နေရာတွင် သောမတ်စ်အား လူစားလဲကစားစေခဲ့သည့် ၎င်း၏ဆုံးဖြတ်ချက် မှန်ကန်ခဲ့သောကြောင့် ကလပ်အသင်းအနေဖြင့် အမှတ်ပေးဇယားထိပ်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ လက်ရှိတွင် အက်သလလက်တီကိုသည် ဘာစီလိုနာထက် တစ်ပွဲပိုကစားကာ ရမှတ်(၄၁)မှတ်ဖြင့် လာလီဂါအမှတ်ပေးဇယားကို ဦးဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။



လီဗန်တေးအားရင်ဆိုင်ခဲ့သည့် လာလီဂါပွဲစဉ်တွင် နည်းပြ ဆီမြွန်နီက ပွဲချိန် ၇၃ မိနစ်အရောက် ဂိုးသွင်းခွင့်မြောက်မြားစွာ ဖြုန်းတီးနေသည့် မာတီနက်ဇ်၏နေရာတွင် ဆယ်ကျော်သက်လူငယ်ကစားသမား သောမတ်စ်အား လူစားလဲကစားစေခဲ့ပြီးနောက် ယင်းပွဲစဉ်၏ တစ်လုံးတည်းသော အနိုင်ဂိုးကို သောမတ်စ်ကပင် သွင်းယူပေးခဲ့သည်။

ယင်းနိုင်ပွဲကြောင့် အက်သလက်တီကိုမှာ လာလီဂါအင်အားကြီးပြိုင်ဘက်များဖြစ်သော ဘာစီလိုနာနှင့် ရီးယဲလ်တို့အား ကျော်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ရောက်ရှိလာခဲ့သည်။ သောမတ်စ်သည် ပြီးခဲ့သည့် သီတင်းပတ်က ဗက်လက်ကာနိုအား နှစ်ဂိုးပြတ်ဖြင့်အနိုင်ယူခဲ့သော လာလီဂါပွဲစဉ်တွင်လည်း သူ၏ ပထမဆုံးသောသွင်းဂိုးကို သွင်းယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် အက်သလက်အနေဖြင့် ဂိုးသွင်းခွင့်မြောက်မြားစွာ ရရှိခဲ့သော်လည်း သုံးကြိမ်လောက် ဂိုးဘားတန်းထိပြီး ထွက်ခဲ့သလို အခြားသေချာပေါက်ဂိုးသွင်းခွင့်များစွာကိုလည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ သို့သော် သောမတ်စ်က ပင်နယ်တီဧရိယာအတွင်း လီဗန်တေးဂိုးသမား ဒီယေဂိုမာရီနို၏ လက်မောင်းအောက်မှ တွားသွားအနေဖြင့် အနိုင်ဂိုးကို ခက်ခက်ခဲခဲ သွင်းယူခဲ့သောကြောင့် အက်သလက်မှာ အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမြွန်နီက“ကျွန်တော်တို့အသင်း ရုန်းကန်နေရချိန်မှာ သောမတ်စ်ကို ဝင်ရောက်ကစားစေပြီးနောက်ပိုင်း ကစားပုံတက်လာခဲ့ပါတယ်။ အဲဒီနောက် တကယ့်ကို ခက်ခဲတဲ့အနေအထားမှာပဲ အနိုင်ဂိုးကို သွင်းယူပေးခဲ့တဲ့အထိ ခြေစွမ်းပြနိုင်ခဲ့တဲ့ သောမတ်စ်ကို ကျွန်တော် ချီးကျူးလိုပါတယ်” ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။သို့သော် သောမတ်စ်က ၎င်းမှာ လေ့လာသင်ယူစရာ မြောက်မြားစွာ ကျန်ရှိနေဆဲဖြစ်ပြီး ပုံမှန်ပွဲထွက်ကစားခွင့်ရရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဆိုခဲ့သည်။

**(မေလွဲသင်း)**



# ဆောက်သမ်တန်တောင်ပံကစားသမား ဆာဒီယိုမိန်းအား မန်ယူအသင်းက စာချုပ်ချုပ်ဆိုခေါ်ယူရန် ကမ်းလှမ်း

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဆောက်သမ်တန်အသင်း၏ တောင်ပံကစားသမား ဆာဒီယိုမိန်းအား ယခုနှစ်ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွင်း စာချုပ်ချုပ်ဆိုခေါ်ယူသွားရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ဆောက်သမ်တန်တောင်ပံကစားသမား ဆာဒီယိုမိန်းကလည်း ၎င်းအနေဖြင့် ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိအသင်းကြီးများဖြစ်သည့် မန်ယူအသင်း သို့မဟုတ်ပါက ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့သူဖြစ်သည်။

တစ်ပတ်လုပ်ခလစာပေါင် ၁၂၅၀၀၀ ရရှိပါက စိန့်မေရီမှ အခြားကလပ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟုလည်း ဆိုထားသည်။ မန်ယူအသင်းသည် လက်ရှိတွင် ဆောက်သမ်တန်တောင်ပံကစားသမား ဆာဒီယိုမိန်းအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိပြီး အခြားကလပ်အသင်းများနှင့် အပြိုင်အဆိုင်ခေါ်ယူရမည့်အနေအထားတွင်ရှိနေသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမိန်းအနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့သော်လည်း ဆာဒီယိုမိန်းအား ခေါ်ယူမည်ဆိုပါက မန်ယူအသင်းသည် ပြောင်းရွှေ့ကြေးပေါင် ၆၂ ဒသမ ၅ သန်းကုန်ကျလိမ့်မည်ဖြစ်ကြောင်းလည်း ဆောက်သမ်တန်အသင်းနည်းပြ ရိုနယ်လ်ကိုးမန်းက ပြောကြားခဲ့သည်။

တောင်ပံကစားသမား ဆာဒီယိုမိန်းသည် ဆောက်သမ်တန်အသင်းသို့ ၂၀၁၄ ခုနှစ်တွင် စတင်ကစားခဲ့ပြီး ဆောက်သမ်တန်အသင်းနှင့်အတူ ပွဲပေါင်း ၅၀ ပါဝင်ကစားပေးခဲ့ပြီးနောက် သွင်းဂိုး ၁၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ဆီနီဂေါလက်ရွေးစင်အသင်းအတွက်မူ ပွဲပေါင်း ၃၁ ပွဲတွင် ကိုးဂိုးသွင်းယူပေးခဲ့သည်။ **(ငွေကြယ်)**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးကို ဇန်နဝါရီ ၁ ရက်မှစတင်ကာ မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံ




**နေပြည်တော် ဇန်နဝါရီ ၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် ဇုန်ဝင်ကြေးအနေဖြင့် ယခင်က နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ နှုန်းဖြင့်ကောက်ခံခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ စတင်၍ မြန်မာငွေကျပ် ၂၅၀၀၀ ဖြင့် ပြောင်းလဲကောက်ခံလျက်ရှိကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

အဆိုပါစီမံချက်နှင့်စပ်လျဉ်း၍ ဇုန်ဝင်ကြေးများ ကောက်ခံရာတွင် စနစ်တကျကောက်ခံခြင်း၊ လိုက်လံသိမ်းဆည်းခြင်းနှင့် ဘဏ်သို့ ပေးသွင်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ နိုင်ငံ့ဘဏ္ဍာငွေကို လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး ဆောင်ရွက်ကြရန် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ရောက်ရှိစဉ်မှာကြားခဲ့ပြီး မြင်းခြံမြို့ဘက်မှ အဝင် လက်ပံခြေပေါ် ဇုန်ဝင်ကြေးကောက်ခံရေးဂိတ်၊ ပုဂံ-ညောင်ဦးလေဆိပ်ဇုန်ဝင်ကြေးကောက်ခံရေးဂိတ်၊ ကျောက်ပန်းတောင်းမြို့ဘက်မှအဝင် ဇုန်ဝင်ကြေးကောက်ခံရေးဂိတ်တို့တွင် ဇုန်ဝင်ကြေးငွေ ကောက်ခံနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းအရှေ့ကုန်း၏ အနောက်မြောက်ဘက်ရှိ စကြာတောင်(ရှေးအခေါ် ကြက်ကျတောင်) ဒေသသို့ ရောက်ရှိလာပြီး ကျောက်ထွင်းလိုဏ်ဂူများနှင့် ဗုဒ္ဓဆင်းတုတော်များကို လေ့လာကြည့်ရှု စစ်ဆေးခဲ့သည်။

ကျောက်ထွင်းလိုဏ်ဂူများနှင့် ဗုဒ္ဓဆင်းတုတော်များသည် ယခုမှ ပေါ်ထွန်းလာခြင်း မဟုတ်ဘဲ ယခင်ကပင် တစ်ဝက်တစ်ပျက် မြေပေါ်သို့ ပေါ်ထွက်ခဲ့ပြီး တောင်တက်လမ်း ဖောက်လုပ်ချိန်တွင် ပို့ချဖုံးအုပ်နေသော မြေများ ရှင်းလင်းရာမှ ပြည့်စုံစွာ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း၊ စကြာတောင်အနီးတစ်ဝိုက်တွင် ကျောက်ထွင်းလိုဏ်ဂူ များစွာရှိကြောင်း၊ သစ်ပင်ချုံနွယ်များ ဖုံးအုပ်နေခြင်းကြောင့် လေ့လာရန် မလွယ်ကူကြောင်း၊ အနောက်ဘက်အစွန်းရှိ ကျောက်တုံးကြီးများကို ကျောက်ထွင်းလိုဏ်ဂူများ နေရာအမှတ်(၁) ဟုလည်းကောင်း၊ လမ်းဖောက်လုပ်ရာတွင် ရှင်းလင်းဖော်ထုတ်ရာမှ ထွက်ပေါ်လာသော လိုဏ်ဂူများနေရာကို ကျောက်ထွင်းလိုဏ်ဂူများ နေရာအမှတ်(၂)ဟုလည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။

နေရာအမှတ်(၁)တွင် ကျောက်တုံးကြီးများ၏ ပတ်လည်လိုဏ်ဂူပေါင်း ၁၁ ဂူနှင့် မုခ်တံကဲများ၊ ရုပ်တုများထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၉၆ ဆူ၊ ရဟန္တာရုပ်ပါး၊ သုမေဓာရှင်ရသေ့ပုံတစ်ပါးနှင့် နံရံဆေးရေးပန်းချီများကို တွေ့ရသည်။

လိုဏ်ဂူနေရာအမှတ်(၂)တွင် လိုဏ်ဂူ ၁၆ ဂူရှိပြီး ဗုဒ္ဓဆင်းတုတော် ၇၁ ဆူ၊ ဆင်းတုအကျိုးအပဲ့ ခုနစ်ဆူရှိပြီး သိမ်းဆည်းထားသည့် ဆင်းတုတော်လေးဆူ၊ ဦးခေါင်းတော်ရှစ်ခု၊ ဝသုန္ဒြေနတ်သမီးရုပ်တု နှစ်ခုတို့ကို တွေ့ရှိရပြီး စကြာတောင်ဒေသရှိ ကျောက်ထွင်းလိုဏ်ဂူများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် နံရံဆေးရေး၊ ရွှေရေးပန်းချီလက်ရာများသည် ညောင်ရမ်းခေတ်နှောင်းမှ ကုန်းဘောင်ခေတ်လက်ရာများဟု ယူဆရကြောင်း သိရသည်။

**(ကြေးမုံ)**

○○



# မြစ်သားကြက်သွန်မျိုးများ ပုံမှန်အရောင်းအဝယ်ဖြစ်ထွန်း

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးမြို့ ကမ်းနားလမ်းတွင် ရာသီအလိုက် ကြက်သွန်မျိုးများကို ရောင်းချလျက်ရှိသည်။ ကြက်သွန်မျိုးရောင်းဝယ်မှုတွင် ပထမပိုင်းတွင် ဥမျိုးများကို ရောင်းချပြီး နောက်ပိုင်းကာလတွင် အပင်မျိုးများကို တွင်ကျယ်စွာ ရောင်းချကြသည်။ ကြက်သွန်မျိုးများကို ဝါဆို၊ ဝါခေါင်မှစကာ ပြာသိုလအထိ ရောင်းချကြသည်။ မန္တလေးမြို့ပေါ်ရှိ ကြက်သွန်မျိုးဆိုင်များမှာ အခြားကုန်စည်များဖြင့် တွဲဖက်ရောင်းချကြသည်။ ပျိုးပင်များကို ကြာရှည်ခံရန်အတွက် ရေပါးပါးဖျန်းပေးထားရသည်။

မန္တလေးကမ်းနားလမ်းရှိ ကြက်သွန်မျိုးဆိုင်များမှ ကြက်သွန်မျိုးများကို ရှမ်းပြည်နယ်ဘက်မှ အဝယ်များသကဲ့သို့ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်နှင့် အခြားနယ်များမှလည်း ဝယ်ယူကြကြောင်း သိရသည်။ လက်ရှိကာလတွင် ကြက်သွန်ပျိုးပင်များကိုသာ ရောင်းချလျက်ရှိသည်။ ပျိုးပင်ရောင်းရာတွင် အပင်ငါးရာကျော်ပါ အစည်းတစ်စီးလျှင် ငွေကျပ်ငါးရာမှ တစ်ထောင်အထိ ပျိုးပင်အခြေအနေပေါ်မူတည်ကာ ရောင်းချကြသည်။

ကမ်းနားလမ်းရှိ ကြက်သွန်ပျိုးပင်အရောင်းဆိုင်များကို မြစ်သားနယ်မှ အဓိကတင်သွင်းလေ့ရှိသည်။ ပျိုးပင်အများစုမှာ ဇော်မွှားနှင့် ရွှေဖလားကြက်သွန်မျိုးများဖြစ်ကြပြီး ကြက်သွန်မျိုးကို နှစ်စဉ်ရောင်းချသည့်အတွက် ဝယ်ယူသူဖောက်သည်များ ပုံမှန်ရှိနေကြောင်းနှင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ကျောက်ဆည်တွင် အလင်းအိမ် လူထုအကျိုးပြုသတင်းအချက်အလက်စင်တာဖွင့်လှစ်

**ကျောက်ဆည် ဇန်နဝါရီ ၃**

မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်မှ သတင်းအချက်အလက် ဗဟုသုတများနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို ကျေးလက်နေပြည်သူတို့ကိုယ်တိုင် မိုဘိုင်းဖုန်းဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ရဲစုရပ်ကွက် နည်းပညာတက္ကသိုလ် ကျောက်ဆည်ကျောင်းရှေ့(IBCT) ကွန်ပျူတာသင်တန်းခန်းမတွင် အလင်းအိမ်လူထုအကျိုးပြု သတင်းအချက်အလက်စင်တာကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စင်တာတာဝန်ခံ ဒေါ်မီမီကျော်နှင့် အိုင်တီပညာရှင်များက အလင်းအိမ်ဖွင့်လှစ်ရခြင်းနှင့် မိုဘိုင်းဖုန်းဖြင့် အခမဲ့ဝန်ဆောင်မှုပေးမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အလင်းအိမ်စင်တာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် မိုဘိုင်းပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ဆရာဝန်များ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားကြသူများက စင်တာအတွင်း လှည့်လည်ကြည့်ရှုကြပြီး သိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အလင်းအိမ်စင်တာမှ မြန်မာဘာသာဖြင့် အလွယ်တကူဖတ်ရှုနိုင်မည့် သတင်းအချက်အလက် ဝက်ဘ်ဆိုက်များထားရှိပေးခြင်း၊ ဖုန်းပေါ်တွင် အင်တာနက်မှလူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ကုန်စျေးနှုန်းသတင်းအချက်အလက်များ ရှာဖွေတတ်ရန်သင်ကြားပေးခြင်း၊ Facebook၊ Gmailနှင့် Viber အကောင့်များကိုယ်တိုင် ဖွင့်ပြီးအသုံးပြုတတ်စေရန် သင်ကြားပေးခြင်း၊ အကျိုးပြု App များကို ထည့်သွင်းပေးခြင်း၊ ဝန်ဇင်း(WunZin) ဝက်ဘ်ဆိုက်တွင်တင်ထားသော စာအုပ်များဖတ်နိုင်ရန် Download ယူနည်းများနှင့် အခြားအသုံးတည့်မည့် နည်းပညာများကို ဝေမျှပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၃**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းကို ယနေ့ နံနက် ၈ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြခန်းတွင် လာရောက်လေ့လာကြမည့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် လွတ်လပ်ရေးနှင့်ပတ်သက်သည့် သမိုင်းအချက်အလက်များကို လေ့လာနိုင်ရန်အတွက် ခေတ်အဆက်ဆက် လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံများ၊ တိုင်းရင်းသားနယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်များ၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းမှတ်တမ်းပြကွက်များ၊ မြန်မာနိုင်ငံသမိုင်းတွင် ခေတ်အဆက်ဆက်က အသုံးပြုခဲ့သည့် အလံများ၊ နိုင်ငံတော်ကပေးအပ်လျက်ရှိသည့် ဂုဏ်ထူးဆောင်ဆုတံဆိပ်ပြကွက်၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် ပြည်နယ်လွှတ်တော်၏ အစည်းအဝေးကျင်းပမှု မှတ်တမ်းများပြကွက်များ၊ ပြည်နယ်အစိုးရ၏ အစိုးရသက်တမ်းငါးနှစ်ကာလအတွင်း ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် မှတ်တမ်းပြကွက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ ယန္တရားအဆင့်ဆင့်ပြကွက်နှင့် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့်သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာပြကွက်များကို စုံလင်စွာ ခင်းကျင်းပြသထားသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းကို အများပြည်သူ လာရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။



**မိုးဝေ (ပြန်/ဆက်)**

❑

# အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံ

**ကျောက်တံခါး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကျောင်းတိုက်ပေါင်း ၁၇ ကျောင်းတို့မှ ဆရာတော်သံဃာတော် ၁၈၄ ပါးနှင့် ကျောင်းသားကျောင်းသူ ၁၈၆ ဦးတို့အား ယနေ့ နံနက်ပိုင်းက အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ် ပြဟ္မစိုရ်လူမှုရေးကူညီမှုအသင်း၊ မြန်မာအသည်းဖောင်ဒေးရှင်း၊ ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မျှော်လင့်ချက်များမှသည်…………

**ခ** နေသန်

ကမ္ဘာပေါ်တွင်မှီတင်းနေထိုင်ကြသော လူတိုင်းလူတိုင်းတွင် မျှော်လင့်ချက်ကိုယ်စီရှိကြသည်။ ထိုသို့ လူတစ်ဦးတစ်ယောက်ချင်းစီတွင် မျှော်လင့်ချက်ရှိကြသကဲ့သို့ လူအများ၏မျှော်လင့်ချက်လည်းရှိသည်။ မျှော်လင့်ချက်မှသည် အကျိုးရလဒ်ဖြစ်ပေါ်လာစေရန်အတွက်မူ အဆက်မပြတ်ကြိုးပမ်းအားထုတ်ရပေမည်။ ရိုးမတောင်ပေါ်ရွာကလေးဖြစ်သော သုံးလမ်းဆုံရွာသူရွာသားတို့၏ မျှော်လင့်ချက်မှာ မိမိတို့ကျေးရွာနှင့်ရင်သွေးငယ်ကလေးများ၏ အနာဂတ်နှင့်အလင်းရောင်ကိုပေးစွမ်းနိုင်မည့် စာသင်ကျောင်းကလေးတစ်ကျောင်းဖြစ်ပေါ်လာရေးသာဖြစ်သည်။

နှစ်ဟောင်းကုန်ဆုံးတော့မည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ၏နောက်ဆုံးရက်တစ်ရက်တွင် မြို့နယ်ပညာရေးဦးစီးဌာနမှ အသိအမှတ်ပြုသတ်မှတ်ပေးသောမူလတန်းကျောင်းကလေးကို အဆိုပါရွာလေး၌ ဖွင့်လှစ်နိုင်ခဲ့သည်။ သို့သော်လွယ်ကူစွာဖြစ်လာသည့်တော့မဟုတ်။ ထိုသို့ဖြစ်ပေါ်လာရန်အတွက် ရွာသူရွာသားတို့ နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရသည်။ ထိုကာလများအတွင်းကျောင်းသားလူငယ်တို့ ပင်ပန်းစွာပညာရှာခဲ့ရသည်။

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမောင်းခွက်ကျေးရွာအုပ်စုမှ သုံးလမ်းဆုံအမည်ရှိ ရိုးမတောင်ပေါ်ရွာကလေးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/ ၇)မှ အနောက်ဘက်ရိုးမ တောင်ပေါ်သို့ မြေကြမ်းလမ်း ခုနစ်မိုင်ခန့် ခရီးနှင်ရသည်။

သို့သော် လျှိုမြောင်တောင်ကုန်းများ၊ သဲချောင်းများ၊ ရိုးများ ကိုကွေ့ရှောင်ကျော်ဖြတ်ပတ်မောင်းရသဖြင့် ခရီးမိုင် ၁၀ မိုင်ခန့်သွားရမည်။ ဇာတိရပ်ရွာကိုစွန့်ခွာ၍ရေကြည်ရာ မြက်နုရာ ရှာဖွေရင်းထွက်လာသူများ ထိုနေရာတွင်တစ်စတစ်စ စုစည်းလာကြရာမှ ရွာကလေးဖြစ်လာခဲ့သည်။ ထိုအချိန်က သစ်ဝါးမီးသွေးလုပ်ငန်းများ အလုပ်ဖြစ်အဆင်ပြေလှသည်။ လွန်ခဲ့သောဆယ်ခုနှစ် နှစ်ခုကျော်မှစ၍ သစ်ဝါးများရှားပါးလာပြီဖြစ်ရာ တောင်ယာလုပ်ငန်းကိုပါ လုပ်ကိုင်လာရသည်။ တစ်ချိန်တည်းမှာပင် အခြေစိုက်နေထိုင်သည့်အားလျော်စွာ မိမိတို့ရင်သွေးငယ်များ ပညာရေးအတွက် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းကလေး တည်ဆောက်ခဲ့ကြသည်။

ကျောင်းသားတစ်ဦးလျှင် တစ်လ ကျပ်၂၀၀၀ နှုန်းစုဆောင်း၍ သင်ကြားပေးသူ ဆရာ ဆရာမလေးများကိုထောက် ပံ့ပေးကြရသည်။ သို့သော်ဝေးလံခေါင်သီ၍ ခရီးလမ်းကြမ်းလှသောရွာကျောင်းကလေးတွင် ဆရာဆရာမတို့မပျော်နိုင်ပါ။ မကြာခဏပြန်ပြေးကြသည်။ ထိုအခါ ဆရာအဆက်ပြတ်သောကျောင်းကလေးကို ကျောင်းသားတို့စွန့်ခွာ၍ ခုနစ်မိုင်၊ ၁၀ မိုင်ခရီးတောလမ်းကြမ်းကို မိုးအခါ၌ရေချောင်းများ၊ ဆောင်းအခါ ခယောင်းဆူးငုတ်များကို ဖြတ်သန်း၍ အခြားကျောင်းရှိရာရွာသို့ ကလေးများကျောင်းသွားတက်ရသည်။ အဆိုပါအခက်အခဲများမှလွတ်မြောက်ရန် မြို့နယ်ပညာရေးဦးစီးဌာနမှချအပ်ပေးသော အသိအမှတ် ပြုမူလတန်းကျောင်းနှင့်အတူ ကျောင်းအုပ်ဆရာကြီးပါ ရောက်ရှိခဲ့ပြီဖြစ်သည်။

ကျောင်းသားရင်သွေး ၅၀ နှင့် ကျောင်းကလေးအတွက် ခက်ခဲသောလမ်းကြမ်းကိုဖြတ်သန်းရောက်ရှိလာသူ ကျောင်းအုပ်ဆရာကြီး ဦးကျော်သက်လှိုင်က "ကျွန်တော်က ဒီကျောင်းရဲ့ကျောင်းအုပ်ကြီးပါ။ သူငယ်တန်းကနေ စတုတ္ထတန်းအထိကလေးတွေရဲ့ ဆရာပေါ့။ ဆရာအင်အားကတော့ လောလောဆယ်ကျွန်တော်တစ်ယောက်တည်းပါ။ အခက်အခဲတွေကြုံရမှာကို မျှော်လင့်ထားသလို ကလေးတွေပညာရေးတိုးတက်ဖို့နဲ့ ကျေးရွာသူရွာသားတွေ အသိအမြင်ကျယ်ပြန့်တိုးတက်ဖို့ မျှဝေမှုတွေလုပ်သွားမှာပါ။ အားမလျှော့ပါဘူး။ ကျွန်တော်ကိုယ်တိုင် ဒီနယ်ကရွာသားတစ်ဦးဖြစ်လို့ပါ"ဟု ပြောသည်။



ဓာတ်ပုံ-ကိုထက်

ကျောင်းဖွင့်ပွဲတက်ရောက်လာသူ တပ်ကုန်းမြို့နယ်ပညာရေးမှူး ဦးတင်ဆင့်က လာမည့်ကျောင်းဖွင့်ရာသီနောက်ဆုံးထား၍ အကူလက်ထောက် ဆရာဆရာမများရရှိရန်တာဝန်ယူကြောင်း၊ ယခင်ကကဲ့သို့ နှစ်လ၊ သုံးလ ကျောင်းတက်ပြပြီးပြန်ပြေးတာမျိုးမရှိစေရန် နောက်လာမည့် ဆရာ ဆရာမများတာဝန်ကျဒေသတွင်အနည်းဆုံး နှစ်နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ကျောင်းသားမိဘများ စိတ်ပူဖို့မလိုသလို ဆရာ ဆရာမများကိုဝိုင်းဝန်းစောင့်ရှောက်၍ ဒေသမှာနေနိုင်အောင် ဝိုင်းဝန်းကူညီပေးကြရန်ပြောကြားခဲ့သည်။

အဆိုပါကျောင်းဖွင့်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ကျောင်းရွာအခြေပြု ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ပညာမီးအိမ်ပညာဒါနအဖွဲ့ကလည်း စာရေးကိရိယာနှင့် ဗလာစာအုပ်များ လှူဒါန်းကူညီ အားပေးခဲ့ကြသည်။

နိုင်ငံတစ်ဝန်းတွင် ဤကဲ့သို့ရွာကလေးများ၊ ကျောင်းကလေးများနှင့်ပညာသင်ကြားရန် ခက်ခဲသောအခြေအနေနှင့် ရင်ဆိုင်နေရသည့်ရင်သွေးငယ်များ များစွာရှိပါသည်။ ရုန်းကန်နေရသော ကိုယ်ထူကိုယ်ထမူလတန်း ကျောင်းကလေးများ၊ ဆရာ မမြဲသောကြောင့် ကျောင်းမလာရာမှကျောင်းပညာနှင့်ဝေးရသောကလေးများသည် တာဝန်ရှိအဖွဲ့အစည်းများ၊ စေတနာ ဝါသနာ အနစ်နာခံသူ ဆရာ ဆရာမများနှင့် စေတနာရှင်ပြည်သူတို့၏ အားပေးကူညီမှုများကို မျှော်လင့်လိုလားလျက်ရှိပါကြောင်း။ ။

## ဆင်ခြေထောက်ရောဂါကင်းဝေးရေးအသိပေးဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးအဆင့်ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း (တတိယ) နှစ်အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာကျော်ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်ထွေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းဒေသကြီးတစ်ဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးကတိုင်းဒေသကြီးအတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူသားအားလုံးဆေးကျွေးရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင့်ဖြိုးသန်းကတိုင်းဒေသကြီးအတွင်းဆင်ခြေ ထောက်ရောဂါကင်းဝေးရေး လူသားအားလုံးဆေးကျွေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆင်ခြေထောက်ရောဂါသည် လက်တလောသေစေနိုင်သည့်ရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဍာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်နစ်နာဆုံးရှုံးမှုရှိစေသည့် ရောဂါတစ်ခုဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသောအမေ့ခံ၊ အပြစ်ပယ်ခံ အပူပိုင်းဒေသရောဂါ (Meglected Tropical Deseases) ၁၇ ခုအနက်တစ်ခုအပါအဝင်ဖြစ်သည်။

(၅၈၈)

## သာသနာ့ဝင်စိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်းမီးရထားရပ်ကွက် ဓမ္မရက္ခိတကျောင်းတိုက်တွင်း မိုးပွင့်အထူး(၂)စီမံချက်ဖြင့် သာသနာ့ဝင်စိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၃၁ ရက်က ပေးအပ်ခဲ့သည်။

ထို့နောက် သာသနာ့ဝင်စိစစ်ရေးကတ်ပြားရဟန်း ၅၃ပါး၊ သာမဏေ ၁၀၆ ပါးကို အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးတင်မောင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့် (ဦးစီးအရာရှိ)တို့က မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းသံဃာ့ဝန်ဆောင် မင်္ဂလာတောင်ညွန့်မြို့နယ် သံဃာ့နာယကဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏ ဓဇ သဒ္ဓမ္မဇောတိကဓဇ)ထံဆက်ကပ်ခဲ့သည်။

ယခုသာသနာ့ဝင်စိစစ်ရေးကတ်ပြားဆက်ကပ်ခြင်းခံရသည့် ရဟန်းသာမဏေများမှာ မကြာမီပြုလုပ်ကျင်းပမည့် ပထမပြန်စာမေးပွဲကြီးကိုဝင်ရောက်ဖြေဆိုမည့် ရဟန်းသာမဏေများဖြစ်ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာ တောင်ညွန့်မြို့နယ်)

❑

## ညောင်ဦးမြို့တွင်ဘဲဥနှင့်ကြက်ဥဈေးနှုန်းမြင့်တက်လာ

**ညောင်ဦး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ မဏိစည်သူဈေးကြီးတွင် ယခုရက်ပိုင်းအတွင်း ဘဲဥနှင့်ကြက်ဥဈေးနှုန်းများ မြင့်တက်လာ၍ ဝယ်ယူစားသုံးသူ လျော့နည်းသွားကြောင်း သိရသည်။

ညောင်ဦးမြို့ မဏိစည်သူဈေးကြီးတွင် ကျေးလက်တောရွာများမှ ကားကြီးကားငယ်များဖြင့် နေ့စဉ်ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီးရောင်းဝယ်ဖောက်ကားမှု အများဆုံးနေရာဖြစ်သည်။

"ကျွန်မတို့ အရင်လတုန်းက ဘဲဥတစ်လုံးကို ကျပ် ၁၅၀ ပေးဝယ်ရပါတယ်။ ကြက်ဥတစ်လုံး ကိုကျပ် ၁၀၀ ပေးဝယ်ရပါတယ်။ အခုရက်ပိုင်းမှာတော့ ဘဲဥတစ်လုံး ကျပ် ၁၆၀ နဲ့ ၁၇၀ ကြားမှာရှိနေတယ်။ ကြက်ဥတစ်လုံးကိုကျပ် ၁၁၀ အနိမ့်ဆုံးပေးဝယ်ရတယ်။ ရွာကဈေးသည်တွေဆီဝယ်ရင် ပိုပြီးဈေးမြင့်တယ်။ ရွာရောက်ရင် ရွာကဈေးသည်က တစ်လုံးကို ၂၅ ကျပ်လောက် အမြတ်တင်ရောင်းပါတယ်"ဟု ဝယ်ယူစားသုံးသူ အမျိုးသမီးတစ်ဦးက ပြောသည်။

"ညောင်ဦးမြို့ကို ကြက်ဥကားတွေတော့ဝင်ပါတယ်။ ဝယ်သူတွေကလည်းများတယ်။ ပင်ရင်းကကိုဈေးမြင့်ဝယ်နေရလို့ပါ အရင်လထဲကတော့ကြက်ဥကျပ် ၁၀၀၀ဖိုးကိုဆယ်လုံးရောင်းပါတယ်။ အခုလမှာတော့ ကျပ် ၁၀၀၀ ကို ကိုးလုံး၊ ရှစ်လုံးရောင်းပါတယ်။ အခုရက်ပိုင်းမှာ ဘဲဥဈေးလည်းမြင့်တက်နေပါတယ်။ ကြက်ဥဈေးလည်းမြင့်ဝယ်နေရပါတယ်။ ကြက်ဥ ဘဲဥတစ်လုံးကို ၁၅ ကျပ်ကနေ ကျပ်၂၀ လောက်ထိ ဈေးမြင့်တက်လာပါတယ်"ဟု ကြက်ဥရောင်းသူအမျိုးသမီးတစ်ဦးက ပြောပြသည်။

ကျော်ဌေး(ညောင်ဦး)



## ချင်းတွင်းတံတားကြီး အမြန်ပြီးစီးရေး အရှိန်အဟုန်ဖြင့်တည်ဆောက်



**ကလေးဝ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မုံရွာ -ရေဦး -ကလေးဝ - ကလေးလမ်း မိုင်တိုင်အမှတ် ၁၀၅ /၄ ရှိချင်းတွင်းမြစ်ကူးချင်းတွင်းတံတား (ကလေးဝ) ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ဆောက်လုပ်ခဲ့ရာ အမြန်ပြီးစီးနိုင်ရေး အရှိန်အဟုန်ဖြင့်တည်ဆောက်လျက်ရှိရာ ယခုအချိန်တွင် ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးတည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ရရှိရန်ပုံငွေ ကျပ်သန်း၉၂၀ ဖြင့် ပင်မတံတားကြီးတည်ဆောက်ရေးလုပ်ငန်းကိုဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၁)ကတာဝန်ယူဆောက်လုပ်လျက်ရှိသည်။

ချင်းတွင်းတံတား(ကလေးဝ)၏ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့်ကိုယ်ထည်၊ အပေါ်ထည်မှာသံမဏိသံပေါင် အမျိုးအစားဖြစ်ကာ တံတားအရှည် ၈၅၄ ဒသမ ၈၈ မီတာနှင့် အကျယ် ၁၀ ဒသမ ၂မီတာ၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာနှင့် ကင်းလွတ်အကျယ် ၁၀၅ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန် ဖြစ်သည်။

ယခုအချိန်တွင် ချင်းတွင်းမြစ်ပေါ်တွင် ဆင်ဖြူရှင်တံတား၊ ချင်းတွင်းတံတား(မုံရွာ)တို့တည်ရှိခဲ့ပြီးဖြစ်ရာ ယခုတံတားမှာ တတိယမြောက် ချင်းတွင်းမြစ်ကူးချင်းတွင်းတံတား (ကလေးဝ) ဖြစ်သည်။

ယင်းတံတားအားနိုင်ငံတော်အစိုးရက ယခုကဲ့သို့ ချင်းတွင်းတံတား (ကလေးဝ) တံတားကြီးတည်ဆောက်ပေးခြင်းကြောင့် ဆောက်လုပ်ပြီးစီးပါကစစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်သည်။

ယင်းအပြင် မြန်မာနိုင်ငံအလယ်ပိုင်းမြို့ကြီးများဖြစ်သည့် မန္တလေး၊ မုံရွာမြို့ကြီးများနှင့် လွယ်လင့်တကူဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ အိန္ဒိယနယ်စပ်တမူးမြို့မှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဂျိုးနက်

# မုံရွာမှ ထိုင်ဝမ်ဆီးသီးများ ယခုနှစ်အသီး အထွက်လျော့နည်း



**မုံရွာ ဇန်နဝါရီ ၃**

မုံရွာမြို့နယ်အတွင်း ဇီးသီးအမျိုးမျိုးကိုနှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ထိုင်ဝမ်ဆီးသီးလည်း အပါအဝင်ဖြစ်ပြီး လက်ရှိအချိန်တွင် ထိုင်ဝမ်ဆီးသီး စိုက်ပျိုးသူများအနေဖြင့် ဆီးသီးများကို ဈေးကွက်မှ မှာယူမှုများ ရှိသော်လည်း ယခုနှစ်တွင် စံချိန်မီအသီး ထွက်ရှိမှုနည်းသဖြင့် လိုသလောက် မပို့နိုင်ကြောင်း မုံရွာမြို့နယ် တောင်ဘက်ခြမ်းရှိကျေးရွာများမှ ထိုင်ဝမ်ဆီးသီးစိုက်တောင်သူများက ပြောသည်။

“ဒီနှစ်ဆီးသီးအပွင့်လိုက်တဲ့ အချိန်မှာ မိုးရွာသွန်းတဲ့အတွက် အပွင့်တွေကြွေတဲ့အတွက် အသီးအထွက်နှုန်း နည်းတယ်၊နောက်ပြီး စံချိန်မီအသီး အနေနဲ့လည်း အထွက်နည်းတယ်၊ ဈေးနှုန်းအနေနဲ့ကတော့အလုံး ၁၅၀ ပါတဲ့ တစ်ဖာကို ငွေကျပ် ၅၀၀၀ ဈေးပါ၊ ဈေးနှုန်းအနေနဲ့ကတော့ ကောင်းပေမဲ့ ဝယ်လက်မှာသလောက်ကို မပို့နိုင်ဘူးဖြစ်နေတယ်။ မြို့နယ်အတွင်းမှာကတိုးချဲ့စိုက်ပျိုးတဲ့ဆီးသီးခြံတော့မရှိပေမဲ့ရှိပြီးသား ဗမာဆီးချဉ်ပင်တွေကို ထိုင်ဝမ်မျိုးကိုင်းကူးကြတာ တွေတော့ရှိတယ်။

“ဟိုတုံးကတော့ ယိုးဒယားအဝိုင်းသီးနဲ့ဇီးကြက်ဥဆိုပြီး နှစ်မျိုးကို စိုက်ကြတယ်၊ အခုနောက်ပိုင်းမှာတော့ ဈေးကွက်ကောင်းတဲ့ ထိုင်ဝမ်မျိုးတွေကိုပဲ ပြောင်းလဲစိုက်ကြတယ်၊ စံချိန်မီ အသီးမရပေမဲ့ အသီးအသေး (ဇီးပုလဲ)တွေတော့ အထွက်များမယ် ဇီးပုလဲတစ်တင်းကို ငွေကျပ် ၇၅၀၀ ဈေးပေါက်တယ်။ မနှစ်တုန်းကတော့ တစ်တင်းကို ငွေကျပ် ၁၂၀၀၀ အထိ ဈေးပေါက်တယ် ဇီးပုလဲတွေကတော့ တပို့တွဲလကုန်အထိတော့ ထွက်ရှိနေမှာပါ၊ အသီးကြီးမရတော့အသီးသေးကိုပဲ မျှော်ရတော့မယ်” ဟု လယ်ဇင်စံပြကျေးရွာမှ ထိုင်ဝမ်ဆီးသီးစိုက် တောင်သူ တစ်ဦးကပြောသည်။

ထိုင်ဝမ်ဆီးသီးပင်များအား စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသော်လည်း နည်းစနစ်အရ အားနည်းမှုများရှိသဖြင့် အထွက်နှုန်းနှင့် အရည်အသွေးများ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလျက်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်များမှ သုံးသပ် ပြောကြားလျက်ရှိပြီး ယခုနှစ် ထိုင်ဝမ်းဆီးသီးရာသီတွင် စံချိန်မီဆီးသီးထွက်ရှိမှု နည်းပါးသဖြင့် တောင်သူများအနေဖြင့် ဈေးကွက်များမှ မှာယူသည့်အတိုင်းပေးပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

## လွတ်လပ်ရေးနေ့ဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်းဆက် ကျေးလက်လမ်းများ တောင်တွင်းကြီးတွင် ဖွင့်လှစ်

**တောင်တွင်းကြီး ဇန်နဝါရီ ၃**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ်အောင်းစုအုပ်စု၌၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်၂၅ သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၅၀ သိန်းဖြင့် အရှည် ပေ ၃၅၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၃ ပေရှိ ရွာသာ-ကြက်မောက်မြေသားလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီကကျင်းပခဲ့သည်။

တောင်တွင်းကြီးမြို့နယ် ချောက်ကြားကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ် ၅၀ သိန်းဖြင့်အရှည် ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ တောင်တွင်းကြီး-မင်ကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသည့်ချောက်ကြားလမ်းကျောက်ခင်းမြေနီလမ်းသစ်အားတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးသည်။ ၅၈၀

## မကွေးခရိုင် မြို့သစ်မြို့နယ်၌ မကြီးကုန်းကြီး ကျေးရွာအနီး မြေသားလမ်းသစ်ဖွင့်လှစ်ပွဲကျင်းပ

**မြို့သစ် ဇန်နဝါရီ ၃**

မကွေးခရိုင် မြို့သစ်မြို့နယ် မကြီးကုန်ကြီးကျေးရွာအနီးရှိ မကြီးကုန်းကြီး ပုလင်းပြားကြီး၊ အုပ်ရှစ်ကုန်း၊ အိုင်မဲ၊ ကွင်းကြီးမြေးလမ်း(၁၂/၀)မိုင်လမ်းပိုင်းအား (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇန်နဝါရီ ၂ ရက်မွန်းလွဲ ၁၂ နာရီခွဲက ဖွင့်လှစ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါလမ်းသစ်သစ်အား မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သူတို့က လမ်းသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဇော်ဇော် (မြို့သစ်)

## လောင်စာသုံးကြက်ဆူရိုး ထင်းအစားထိုးလောင်စာအဖြစ် ငါန်းဇွန်းမြို့နယ်တွင် အရောင်းအဝယ်ဖြစ်

**မြင်းမူ ဇန်နဝါရီ ၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထင်းအစားထိုးလောင်စာအဖြစ် ပြောင်းလဲနေချိန်တွင် ကြက်ဆူရိုးများကို လောင်စာအဖြစ်အသုံးပြုလျက်ရှိရာ ကြက်ဆူရိုးများ ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိကြောင်း ကြက်ဆူရိုးရောင်းချသူများကပြောသည်။

မန္တလေးတိုင်း ငါန်းဇွန်မြို့နယ်အတွင်းမှ ရေလည်သောင်ရွာတွင် ကိုင်းနှင့်ယာကို အဓိကထား၍ စိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူရွာကြီးဖြစ်ပြီး ကြက်ဆူအစေ့ကို ဆီကြိတ်ရန်အတွက် အသုံးပြုကြသည်။

ယခင်က ကြက်ဆူစေ့ကိုသာ အသုံးပြုကြသော်လည်း ကြက်ဆူရိုးများသည် ဈေးကွက်မဝင်သောစွန့်ပစ်ပစ္စည်းတစ်ခုအဖြစ်ကျန်ရစ်ကာ မြို့နေလူထုအတွက် လောင်စာရှားပါးလာချိန်တွင်ထိုကြက်ဆူရိုးများအား ထင်းအစားထိုးလောင်စာအဖြစ် အစားထိုးဝင်ရောက်လာခဲ့သည်။

ကြက်ဆူရိုးထင်းတစ်စီးတွင် အချောင်းခုနစ်ချောင်းပါသော ထင်းတစ်စီးလျှင် ကျပ် ၃၀၀ဖြင့် ပြန်လည်ရောင်းချရသောကြောင့် လက်လုပ်လက်စားအလုပ်သမားများအနေဖြင့် စွန့်ပစ်ထားသောကြက်ဆူရိုးများကို မြင်းမူမြို့သို့သွားရောက်ရောင်းချရသောကြောင့် ကြက်ဆူရိုးများမှာ ဈေးကွက်ရရှိလာကြောင်း သိရသည်။

“ကျွန်မတို့ ကြက်ဆူရိုးကိုစားသောက်ဆိုင်တွေက အများဆုံးဝယ်ယူကြပါတယ်။ ကြက်ဆူရိုးရောင်းချရလို့အဆင်ပြေပါတယ်။ ကျွန်မတို့အလုပ်ဖြစ်သလိုလှည်းသမားနဲ့ မော်တော်သမားတွေလည်း ဝင်ငွေရကြလို့အဆင်ပြေကြပါတယ်”ဟု ကြက်ဆူရိုးလာရောက်ရောင်းချသူက ပြောပြခဲ့ပါသည်။ (၆၂၄)

## မြင့်မိုလ်မင်္ဂလာ အလှူရှင်များအဖွဲ့မှ စာပေဟောပြောပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၃**

မြင့်မိုလ်မင်္ဂလာ အလှူရှင်များအဖွဲ့နှင့် မြစ်ကြီးနားမြို့ ကျူရှင်ဆရာများကြီးမှူး ကျင်းပသော စတုတ္ထအကြိမ်မြောက် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂ ရက် ညနေပိုင်း ၄ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သာသနာဟိတ ဓမ္မဘိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

ယင်းစာပေဟောပြောပွဲတွင် မြင့်မိုလ်မင်္ဂလာအလှူရှင်များအဖွဲ့မှ အလှူရှင်တစ်ဦးဖြစ်သူ ဦးအိုက်ဟိုင်းက အဖွင့်မိတ်ဆက်စကားပြောကြားပေးခဲ့ပြီး စာရေးဆရာ မေမြို့ဆွေလင်းက ဗိုလ်ချုပ်အောင်ဆန်း၏ ကချင်တောင်တန်းဒေသခရီးစဉ်၊ စာရေးဆရာ နေဝင်းမြင့်က နှလုံးလှတိုင်းပြည်နှင့် စာရေးဆရာ မောင်သာချိုတို့က အသီးသီးဟောပြောခဲ့သည်။



အဆိုပါ စာပေဟောပြောပွဲသို့ မြင့်မိုလ်မင်္ဂလာအလှူရှင်အဖွဲ့မှ နာယက ဦးကံထူးနှင့် အဖွဲ့ဝင်များ၊ စာရေးဆရာ မေမြို့ဆွေလင်း၊ စာရေးဆရာ မောင်သာချို၊ စာရေးဆရာ နေဝင်းမြင့်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှ စာပေစိတ်ပါဝင်စားသည့် ဆရာတော်သံဃာတော်များ၊ စာပေဝါသနာရှင်များ၊ ဘော်ဒါဆောင်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

မင်းမင်း(မြစ်ကြီးနား)

## ဖြူးမြို့နယ်တွင် အုတ်ဈေးကောင်းသောကြောင့် အုတ်ဖုတ်ရောင်းချသူများပြော



**ဖြူး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် လမ်း/တံတား၊ လူနေအိမ် အဆောက်အအုံများ တိုးတက်ဆောက်လုပ်လာသောကြောင့် လက်လုပ်မြေဖုတ်အုတ်များ ဈေးကောင်းရောင်းချနေ၍ အုတ်ဖုတ်ရောင်းချသူများ ယမန်နှစ်ကထက် များပြားလာလျက်ရှိရာ ဒေသခံများ အုတ်ရိုက်၊ အုတ်ဖုတ်လုပ်ငန်းများတွင် အလုပ်အကိုင်ကောင်းနေကြောင်း သိရသည်။

ယမန်နှစ် ပွင့်လင်းရာသီ အုတ်ဖုတ်ချိန်တွင် အုတ်ချပ်ရေ ၁၀၀ ကို ကျပ် ၅၅၀၀ မှ ကျပ် ၆၀၀၀ အထိ ဈေးစတင်ဖွင့်ခဲ့ပြီး အုတ်ရာသီပိတ်သိမ်းချိန် မိုးကျချိန်တွင် အုတ်ချပ်ရေ ၁၀၀ လျှင်ကျပ် ၇၅၀၀ မှ ကျပ် ၈၀၀၀ အထိ ဈေးမြင့်ခဲ့သဖြင့် ယခုနှစ်တွင် အုတ်ဖုတ်ရောင်းချသူများ ပိုမိုများပြား လျက်ရှိသည်။

“ကျွန်တော်တို့ အဖွဲ့က ခြောက်ယောက်ရှိပါတယ်။ အုတ်စိမ်းရိုက်ခ အုတ်တစ်ချပ် ၁၂ ကျပ်နှုန်းရရှိပါတယ်။ တစ်နေ့ကို အုတ်ချပ်ရေ ၄၀၀၀ ပြီးပါတယ်။ အုတ်စိမ်း ရိုက်ခ ကျပ် ၄၈၀၀၀ ကို ကျွန်တော်တို့ ခြောက်ဦးခွဲဝေယူကြတယ်။ အခုနောက်ပိုင်း အုတ်ဖုတ်ကြရာမှာ ထင်းရှားလာလို့ လောင်စာကို ထင်းအစား စပါးခွံဖွဲမီးနဲ့ ဖုတ်ကြပါတယ်”ဟု ဖြူးအနောက်ဘက်ရှိ အုတ်ကျင်းတစ်ခုမှ အုတ်စိမ်းရိုက် လုပ်သားတစ်ဦးက ပြောသည်။

မြင့်ဦး(ဖြူး)

## သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ်ဆေးရုံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**သာစည် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ်ဆေးရုံ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်မှုတွင် ညောင်ရမ်းကျေးရွာရှိ အလင်းအိမ်ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အတွင်းရေးမှူး ဦးမျိုးလွင်တို့ဦးဆောင်၍ ကျေးရွာအတွင်းရှိ ပြည်သူများမှ စုပေါင်းကာ နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

## ချောက်မြို့နယ်မကျီးပင်စု ကျေးရွာစက်ရေတွင်းဖွင့်ပွဲကျင်းပ

**ချောက် ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကျီးပင်စုကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

ယင်းနောက်မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်ဦးက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်ကကျေးရွာတွင် စက်ရေတွင်းတူးဖော်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ စက်ရေတွင်းဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိဦးသိန်းဌေးတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး စက်ရေတွင်းကို ကျေးလက်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေကျန်သိန်း ၁၀၀၀ မှ ခွင့်ပြုငွေကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရေတွင်းအမျိုးအစား ၄ ပေ၊ ပေ ၆၀၀၊ တွင်းအနက် ပေ ၆၅၀၊ ရေထွက်နှုန်း ဂါလန် ၂၀၀၊ ရေထိပ်ပေ ၂၇၀၊ အင်ဂျင်အမျိုးအစား ၂၈ Hp+ ၁၅ KVA၊ ပန့်အမျိုးအစား၅ ဒသမ ၅ HP ရေမြှုပ်ပန့်နှင့် ရေကန်အတိုင်းအတာ ၁၂ ပေ၊ ၆ ပေ၊ ၅ ပေရှိကြောင်းနှင့် ယခင်ကကျေးရွာနေ ပြည်သူ့သောက်သုံးရေ ခက်ခဲမှုအပေါ် ယခု အချိန် မကျီးပင်စုကျေးရွာ လူဦးရေ ၄၅၀ မှာ စက်ရေတွင်းဆောင်ရွက်ပေး၍ သောက်သုံးရေဖူလုံစွာအဆင်ပြေ သောက်သုံးရသဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိ ကြောင်းသိရသည်။

ဝင်းအိမွန်(ပြန်ဆက်)

## ကန့်ဘလူနယ်တွင် တစ်ပိုင်တစ်နိုင်သိုးမွေးမြူသူများမှ ချေးငွေလိုအပ်နေ

**ကန့်ဘလူ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဒေသတွင်းအသားစားသုံးမှု လိုအပ်ချက်အရ အသားစားသိုးများ တစ်ပိုင်တစ်နိုင်မွေးမြူလျက်ရှိရာ ချင်မြစ်ကျင်းကျေးရွာ၌ အသားစားသိုးမွေးမြူသူ ၁၀ ဂဏန်းခန့်ရှိပြီး တစ်ဦးလျှင် သိုးကောင်ရေ အကောင် ၄၀ မှ ၅၀ ကြားတွင် မွေးမြူလျက်ရှိရာ ဆက်လက်တိုးချဲ့မွေးမြူနိုင်ရန်နှင့် အခြားမွေးမြူလိုသူများအတွက် ချေးငွေလိုအပ်လျက်ရှိကြောင်း ဒေသခံသိုးမွေးမြူသူများက ပြောသည်။

အဆိုပါ အသားစားသိုးများ တိုးချဲ့မွေးမြူနိုင်ပါက ဒေသတွင်းအသားစားသုံးမှု ဖူလုံစေပြီး ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက်လည်း အထောက်အကူပြုမှာဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

ယင်းမွေးမြူသည့်သိုးများတွင် အရွယ်ရောက်သိုးတစ်ကောင်လျှင် ကျပ်တစ်သိန်းခန့်ရှိကြောင်း၊ အဓိကအနေဖြင့် အသားစားသုံးမှုအတွက်သာမွေးမြူကြကြောင်း ချင်မြစ်ကျင်းကျေးရွာနေ သိုးမွေးမြူသူ ဦးကျော်အောင်ကပြောသည်။

ဆိတ်များသည် လွှတ်ကျောင်းရာတွင် ထိန်းသိမ်းရခက်ခဲပြီးသိုးများက ဆိတ်များထက် ထိန်းကျောင်းရလွယ်ကူသည့်အတွက် သိုးများကို ယခုလိုပိုမိုမွေးမြူလာကြကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် သိုး၊ ဆိတ်မွေးမြူသူအသင်းများအား ၂၀၁၅ ခုနှစ် ဧပြီလက ကမ္ဘာ့ရတနာ့ဘဏ်မှကျပ်သိန်း ၅၉၀ ကိုထုတ်ချေးပေးပြီးကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှသိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## ကလေးငယ်များအား ရောဂါကြီးငါးမျိုး ကင်းဝေးစေရန် ကာကွယ်ဆေးထိုးနှံပေး

**မြင်းမူ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းတို့ ပူးပေါင်းပြီး ကလေးငယ်များအား ရောဂါကြီးငါးမျိုး ကင်းဝေးစေရေးအတွက် ဇန်နဝါရီ ၁ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

"ကလေးငယ်တွေမှာ ဖြစ်ပွားတတ်တဲ့ ဦးနှောက်တီဘီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသား ဝါ(ဘီ)စတဲ့ ရောဂါကြီးငါးမျိုး ကင်းဝေးစေဖို့အတွက် လစဉ် လဆန်း ၁ ရက်နဲ့ ၂ ရက်နေ့တိုင်း ကာကွယ်ဆေးများ ထိုးပေးလျက်ရှိပါတယ်" ဟု မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သူနာပြုဆရာမ ဒေါ်ဘေဘီက ပြော ပြသည်။

ထို့သို့ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်ခင်ပြည့်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှိုင်ဝင်းဝင်းမြတ်နှင့် အဖွဲ့ဝင်များက ပူးပေါင်းပါဝင်ခဲ့ကြပြီး ကလေးငယ် ၁၂၄ ဦးအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အောင်စိုးဖေ

## ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်

**ကျွန်းလှ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ ရာသီမရွေး သွားလာရေးလွယ်ကူစေရန် ဇန်နဝါရီ ၁ ရက်က ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ ကျောက်ချောလမ်းခင်းခြင်းကို ရွာသူရွာသားများ စုပေါင်းပြီး အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေခင်းကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ ရွာတွင်းလမ်း ၁၀ လမ်းရှိပါတယ်။ မိုးရာသီ သွားလာရေးခက်ခဲသောကြောင့် ရွာသူ၊ ရွာသားများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းငါးလမ်းခင်းပြီးဖြစ်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးဦးဝင်းမြင့်ကပြောပြသည်။

မျိုးဝင်းညို(ကျွန်းလှ)

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 209388

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

YAR PYAE
* LCCI (UK) Level I & II, III
* MYOB
* Auto Count
January တန်းခွဲသစ် ကျောင်းအပ်လက်ခံပြီ
- ရုံးချိန်ပြင်ပတန်းခွဲများ ရှိသည်။
- သင်တန်းချိန်ညှိ၍ သင်ကြားနိုင်သည်။
* Excel for Accounting
Daily Transaction များကို စာရင်းသွင်းခြင်းမှ Report (Final Account) ထုတ်သည်ထိ Excel ဖြင့်စာရင်းရေးဆွဲခြင်းကို ကျွမ်းကျင်စေရန်အာမခံဖြင့် သင်ကြားပေးသည်။
တိုက်(၃)၊ အခန်း(B)၊ လှည်းတန်း(၁)လမ်း။ လှည်းတန်းစင်တာရှေ့ ကမာရွတ်မြို့နယ်။
Ph : 09-263937375, 09-263937376, 09-31538581

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၅၄)၊ မြေကွက်တည်နေရာ အမှတ်(၃၅၄)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) (ဒေါ်စန်းစန်းမြင့်) ၁၇/ရတန(နိုင်)၀၀၀၅၅၇၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားသည့် နှစ်(၆၀)ဂရန်တင်ပြ၍ အမည်ပေါက်ကိုယ်တိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြို့မြေစာရင်း (TLR) အတွဲ(၇)စာမျက်နှာ(၆၈)တွင် ဦးလှကြည် အမည်ဖြင့် မြို့/အိမ်မှ နှစ်(၆၀)ဂရန်ထုတ်ပေးထားကြောင်း မှတ်သားထားပြီး ယခုတင်ပြလာသော ဒေါ်စန်းစန်းမြင့် အမည်ပေါက် နှစ် (၆၀)ဂရန်မှာ မြို့/အိမ်မှ လွှဲပြောင်းပေးသည့် ဦးလှကြည် အမည်ပေါက် မြေချပါမစ်အား ဒေါ်စန်းစန်းမြင့် မှ(၂၅-၃-၂၀၁၅) တွင် ဂရန်လျှောက်ထားထုတ်ယူသွားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ မြို့မြေစာရင်း (TLR) အတွဲ(၇)စာ(၆၈) ရှိ ဦးလှကြည် အမည်ပေါက် မြေငှားဂရန် အမှတ်တွဲ အမှတ်-အမ/၃၂/၁၆၅/၆၇/၉၅ ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)ဂရန်မူရင်းအား ဌာနမှတ်ရေးတွင်း အမိန့်ဖြင့် ပယ်ဖျက်မည်ဖြစ်ပါသောကြောင့် အဆိုပါ ဂရန်မူရင်းအား လက်ဝယ်ရှိသူအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




### ၅-၁၂-၂၀၁၅ ရက်နှင့် ၂၈-၁၂-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့သည့် ဦးတင်စိုး(တရားလွှတ်တော်ရှေ့နေ)(စဉ်-၇၇၀၃)၏ ကြော်ငြာချက်များနှင့်ပတ်သက်၍ တုံ့ပြန်ရှင်းလင်းသတိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁)ဦးရဲအောင်(ဖခင်)[၁၂/သကတ(နိုင်)၁၂၉၆၆၉]၊ (၂)ဒေါ်ခင်လှရီ(သမီး)[၁၂/ကတတ(နိုင်) ၀၂၇၆၉၇]၊ (၃)ဦးလှတင်(သား)[၁၂/ကတတ(နိုင်)၀၂၇၇၀၇]၊ (၄)ဦးမောင်မောင်(ခ)ဟာဂျီမှုဟမ္မဒ်အာမီးန်း(သား)[၁၂/ကတတ(နိုင်)၀၂၈၁၈၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းသတိပေးကြော်ငြာအပ်ပါသည်။

၅-၁၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဒေါ်သန္တာလွင်[၁၂/ကတတ(နိုင်)၀၀၁၅၀၄]၏လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်စိုး(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၇၀၃)၏ကြော်ငြာချက်များမှာ မမှန်မကန်ဖော်ပြစွပ်စွဲမှုများသာဖြစ်ကြောင်း၊ အစ္စလာမ်တရားဥပဒေပြဋ္ဌာန်းချက်များကို ဦးတင်စိုးအနေဖြင့် ကြည်ညိုမှုမရှိသဖြင့်သာ သွလာက်ပေးကွာရှင်းခြင်း တရားမဝင်ကြောင်း၊ အစ္စလာမ်ဘာသာကို ခုတုံးလုပ်ကြောင်း မမှန်စွပ်စွဲဖော်ပြ ခဲ့ခြင်းဖြစ်ပြီး၊ ဒေါ်သန္တာလွင်ကိုယ်တိုင် အဆိုပါကွာရှင်းမှုကို လက်ခံအကြောင်းပြန်ကြားစာ ပြန်လည်ပေးပို့ထားသည်ဟု ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်၏ညွှန်ကြားချက်အရ သိရှိရပါသည်။

၂၈-၁၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃)တွင် ပြန်လည်သတိပေးကြော်ငြာခဲ့သော ရှေ့နေ ဦးတင်စိုး၏ ကြော်ငြာချက်မှာ မည်သူ၏ လွှဲအပ်ညွှန်ကြားချက်အရဟု ဖော်ပြထားခြင်းမရှိသဖြင့် အဆိုပါသတိပေး ကြော်ငြာချက်ကို ရှေ့နေဦးတင်စိုး တစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ထည့်သွင်းကြော်ငြာခဲ့သည်ဟု ယူဆရမည်ဖြစ်ပါသည်။ ၁၃-၁၂-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာတွင် တိုက်ခန်း၊ ဆိုင်ခန်းပိုင်ရှင် အစစ်အမှန်များ ဖြစ်သော ဦးမောင်မောင်၏ဖခင်နှင့်အစ်မတို့က လွှဲအပ်ညွှန်ကြားသဖြင့် ကျွန်ုပ်က အများပြည်သူ အဖြစ်မှန်ကို ရှင်းရှင်းလင်းလင်းသိရှိရန် ကြော်ငြာ ခြင်းသာဖြစ်၍ မည်သူ့ကိုမျှ ထိခိုက်နစ်နာစေခြင်းမရှိပါ။

ဒေါ်သန္တာလွင်နှင့်ရှေ့နေ ဦးတင်စိုးတို့ မောင်နှမဝမ်းကွဲ တော်စပ်ကြောင်း သိရှိရပြီး ရှေ့နေတစ်ဦးအဖြစ် မဆောင်ရွက်ဘဲ ပုဂ္ဂလိက ခံစားချက်ကို ရှေ့တန်းတင်ကာ သာမန်လင်မယားကွာရှင်းသည့် ပြဿနာကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုရန် ဆောင်ရွက် မှုများ ပြုလုပ်ပေးခဲ့သည့်အပြင် တရားရုံး၌ တရားစွဲဆိုထားပြီးဖြစ်ပါလျက် ဦးမောင်မောင် အိမ်ထောင်ရေး ပြစ်မှုကျူးလွန်ပြီး၊ ကုမ္ပဏီပိုင်ပစ္စည်း၊ ရွှေ၊ ငွေများယူဆောင်ကာ ထွက်ပြေးတိမ်းရှောင် နေသယောင် တစ်ဖက်သူ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ဖော်ပြခြင်း၊ တရားရုံးမှ ဦးမောင်မောင် မည်သည့်နေရာတွင် နေထိုင်ကြောင်း အထောက်အထားတင်ပြရန် ညွှန်ကြားပြီးသည့်နောက် ရှေ့နေ ဦးတင်စိုးက သတင်းစာတွင် ဦးမောင်မောင်အား ၎င်းထံ (၇)ရက်အတွင်း လာရောက်တွေ့ဆုံရန်နှင့်မလာရောက်ပါက မည်သည့်ဥပဒေများဖြင့် အရေးယူမည်ဟု ဖော်ပြကာ ခြိမ်းခြောက်ကြော်ငြာခြင်း များသည် ရှေ့နေကျင့်ဝတ်သိက္ခာကို မစောင့်ထိန်းဘဲ တရားရုံးကိုပင် ကျော်လွန်ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားပါသည်။ ယခုအခါ ဦးမောင်မောင် နှင့်အစ်ကို ဦးလှတင်တို့သည် နိုင်ငံခြားမှ ပြန်လည်ရောက်ရှိကြောင်း တရားရုံးသို့ သတင်းပေးပို့ကာ ဥပဒေနှင့်အညီ အမှန်အတိုင်းရင်ဆိုင်သွား ရန် အသင့်ရှိနေပါသည်။ ဦးတင်စိုးသည် ရှေ့နေ တစ်ဦးအနေဖြင့် အမှုသည်၏ပိုင်ဆိုင်မှုအထောက်အထားများနှင့် ဆက်သွယ်သည့်အကြောင်း အရာ အဖြစ်အပျက်များကို သေချာစွာစုံစမ်းရန် တာဝန်ရှိပါလျက် လင်ပစ္စည်းမယားပိုင်ကြောင်း အထောက်အထားမဲ့ သတင်းစာမှ ကြော်ငြာခဲ့သည့် အပြင် နောက်ထပ် သတိပေးကြော်ငြာရာတွင်လည်း မည်သူ၏ညွှန်ကြားချက်အရဟု မပါဝင်ဘဲ မိမိကိုယ်တိုင် ပုဂ္ဂလိကခံစားချက်များ ထည့်သွင်းကာ ဦးလှတင် နိုင်ငံခြားသွားရောက်သည့်ကိစ္စ မမှန်ဖော်ပြခြင်း၊ တိုက်ခန်း၊ ဆိုင်ခန်းပိုင်ဆိုင်မှုကိစ္စ မမှန်ဖော်ပြခြင်း၊ ကျွန်ုပ်၏ကြော်ငြာချက်တွင် မပါသော ဦးရဲအောင် ဘာသာရေးအမည်နှင့် ဦးရဲအောင် ဖခင်အမည်တို့ကို တမင်ထည့်သွင်းဖော်ပြခဲ့ခြင်းတို့မှာ ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာထိခိုက်အောင် ရည်ရွယ်သည်ဖြစ်၍ ရှေ့နေကျင့်ဝတ် ဖောက်ဖျက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရှေ့နေ ဦးတင်စိုးကိုယ်တိုင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကြေးမုံသတင်းစာမှ တောင်းပန်ပြီး မိမိ၏ကြော်ငြာချက်များကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးရန် အသိပေးတောင်းဆိုလိုက်ပါသည်။ လိုက်နာ ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်း သတိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်စိန် **B.A, H.G.P, R.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၃၈)
အမှတ်-(၁၈၄) (ခ)၊ ပုဂံ(၂)လမ်း၊ ၁၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၉၅၉၀၂၊ ၀၉-၂၆၄၉၇၂၃၉

ဖတ်စရာ



# ရှေးခေတ်ဘုရင်ကိုဖူးမြော်ခွင့်ရရန်နှင့် အမိန့်တော်ပြန်ပေးသည့်ဖြဲတိုက်ဆောင်

à တိမ်တမန်

မန္တလေးမြို့တွင် မြနန်းစံကျော် ရွှေနန်းတော်မှာ စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာစရာများစွာရှိသော သမိုင်းဝင်နေရာတစ်ခုပင်ဖြစ်သည်။ ရှေးခေတ်ဘုရင်များ၏ အဆောင်ဆောင်အနန်းနန်းနှင့်စနစ်တကျ စီမံခန့်ခွဲမှုများကိုပါ လေ့လာနိုင်သည်။ နန်းတော်ဆောင်များတစ်ခုနှင့်တစ်ခုဆက်သွယ်ထားပုံနှင့် အဆောင်တစ်ခုချင်းအလိုက် အရေးပါပုံများကိုပါ လေ့လာနိုင်သောနေရာတစ်ခုအဖြစ်ထင်ရှားသည်။ ထိုအထဲတွင် ရှေးခေတ်ဘုရင်ကို ဖူးမြော်ခွင့် ရရန်အတွက် အရေးပါသော ဖြဲတိုက်ဆောင်လည်းပါဝင်နေသည်။

ဖြဲတိုက်ဆောင်မှာ ဇေတဝန်ဆောင်၏မြောက်ဘက်(ဝဲဘက်)စနုခြားလျက်ရှိသော အဆောင်ပင်ဖြစ်သည်။ နန်းကြမ်းပြင်ဘေးတွင် အမိုးသုံးဆင့် လည်ပေါ်ဖြင့် ဆောက်လုပ်ကာ ဆေးဖြူသုတ်ထားသည်။ အဆောင်မှာ ထူးခြားပြီး တောင်မြောက်တည်ရှိသော အဆောင်ပင်ဖြစ်သည်။ ဖြဲတိုက်တော်အတွင်းတွင် ဆင်ရုပ်ခံကာ ထုလုပ်ထားသည့် စူဠ ပလ္လင်အမျိုးအစား ဂဇာသနပလ္လင်တော်ထားရှိသော အဆောင်ဖြစ်သည်။ မူလက လူပျိုတော်သားများထားရှိရာအဆောင်မွန်ဘာသာဖြင့် ပတိုက်ဗွယ် မြန်မာအခေါ် လူပျိုတော်ဆောင်ဟု ခေါ်တွင်ရာမှ နောက်ပိုင်းတွင် အတွင်းဝန်များနေထိုင်ရာ အဆောင်ဖြစ်သွားကာ အစဉ်အလာမပျက် ဖြဲတိုက်ဟုပင် ခေါ်ဝေါ်ခဲ့ကြောင်းသိရသည်။

ဖြဲတိုက်အတွင်းဝန်တို့မှာ အများအားဖြင့် ဘုရင်မင်းမြတ်၏ အိမ်တော်ပါ ကျွန်ယုံတော်များဖြစ်ပြီး လွှတ်တက်အဂ္ဂမဟာသေနာပတိဝန်ရှင်တော်မင်းကြီးများပင် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံဖူးမြော်လိုပါက ဖြဲတိုက်အတွင်းဝန်၊ ဖြဲတိုက် သံတော်ဆင့်များမှတစ်ဆင့် အခွင့်ပန်ကာ အမိန့်တော်ရှိမှသာတွေ့ခွင့်ရသော အစဉ်အလာရှိသည်။ ဘုရင့်ရှေ့တော်သို့ သွားရောက်ဖူးမြော်လိုသူမှန်သမျှ ဖြဲတိုက်မှတစ်ဆင့်ခွင့်တောင်းကြရသည်။

ဖြဲတိုက်မှနန်းကြမ်းပြင်ပေါ်တက်ရာတွင် ဖိနပ်မစီးရ၊ ဓားလုံ့လက်နက်မကိုင်ဆောင်ရ၊ ခါးတောင်းကျိုက်ဖြုတ်ကာ တက်ရသည့်စည်းကမ်းကိုချမှတ်ထားသည်။

ဖြဲတိုက်အတွင်းဝန်၊ ဖြဲတိုက်သံတော်ဆင့် အမှုထမ်းများမှာ ဘုရင်၏ကိုယ်ရေးအရာရှိ များဖြစ်ကြပြီး လွှတ်တော်မှ ထီးရနန်းရစော်ဘွား၊ အဝေးမြို့ဝန်များ၏ လျှောက်စာတင်စာများကို ဘုရင့်ထံသို့ပို့ဆောင်ပေးကြသည်။

ဘုရင်မင်းမြတ်မှ ချမှတ်လိုက်သည့် အမိန့်တော်များကို လွှတ်တော်သို့လည်းကောင်း ပြန်ကြားတင်လျှောက်ပေးရသည်။ အထူးသဖြင့်ရှေးခေတ်ဘုရင်လက်ထက် ရာထူးအတက်အကျရှိသည်များကို ဖြဲတိုက်တော်တွင် အမိန့်ပြန်လေ့ရှိသည်။ စိတ်ဝင်စားဖွယ်ရာ ဖြဲတိုက်တော်မှာလွှတ်ရုံးငါးရပ်တွင် တစ်ရပ်အပါအဝင် ဖြစ်သည်။

ရုံဖန် ရုံခါ ဘုရင်မင်းမြတ်ထွက် စံလေ့ရှိပြီး အတွင်းဝန်များနေထိုင်ရာအဆောင်အဖြစ်ထင်ရှားသည်။ဖြဲတိုက်တော်ကိုဆေးဖြူသုတ်ထားပြီး တောင်မြောက် ၆၈ ပေ၊ ၈ လက်မ၊ အရှေ့အနောက် ၅၉ ပေ ၈ လက်မရှိပြီး ရှေးဘုရင်များခေတ်တွင် အရေးပါသောအဆောင်တစ်ခုအဖြစ်တည်ရှိကြောင်းသိရသည်။

## ဆင်ပေါင်ဝဲမြို့နယ်တွင် ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းများ ကော်မတီ ရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ မြို့အဝင်လမ်း ကတ္တရာ အနိမ့်အမြင့် မြေညှိလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်သော လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီက အဆိုပါ မုခ်ဦးရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းကော်မတီ ရန်ပုံငွေကျပ် သန်း ၂၅၀ ဖြင့် ဆောင်ရွက်သော လုပ်ငန်းမှ ကျပ်သိန်း ၁၀၀ ဖြင့်ပြုလုပ်သော မြို့အဝင်လမ်း ကတ္တရာ အနိမ့်အမြင့် မြေညှိခြင်းလုပ်ငန်း အရှည်ပေ ၁၃၂၀×၁၂ ပေ × ၃လက်မ နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးမြင့်လှိုင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျပ် ၆၅ သိန်းဖြင့်ပြုလုပ်သော လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အရှည်ပေ ၇၀၀ × ၁၂ပေ ×၃ လက်မ နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းစိုးတို့က လမ်းမတော်လမ်း ကတ္တရာ ထပ်ပိုးလွှာ လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မျိုးမျိုးလေး(ပြန်/ဆက်)

## ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်ဖွင့်

**ပခုက္ကူ ဇန်နဝါရီ ၃**

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ မြို့ရှောင်လမ်းရှိအဆိုပါရုံးသစ်၌ ကျင်းပခဲ့သည်။

အဆိုပါ ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်အဆောက်အအုံကို ယောပြည်သစ်ကုမ္ပဏီမှ ခွင့်ပြုငွေကျပ် ၁၂၃၇၅ သန်းဖြင့် တာဝန်ယူဆောက်လုပ်ပြီး ရုံးသစ်အဆောက်အအုံအကျယ်အဝန်းမှာ(၇၆×၇၆×၁၂) ပေရှိကြောင်း သိရသည်။

ကိုကီး(ပြန်/ဆက်)







### မိခင်အမည်မှန်

ကျွန်တော်မောင်ဇင်မင်းထွန်း[၁၂/ဒလန(နိုင်)၀၈၃၁၇၀]၏ မိခင်အမည်မှန်မှာ ဒေါ်ရီရီနိုင်[၁၂/တတန(နိုင်)၀၇၄၀၁၃]ဖြစ်ပါကြောင်း။

ဒေါ်ရီရီနိုင်

### မွေးနေ့ဆုတောင်း

၄-၁-၂၀၁၆ရက်တွင် ကျရောက်သည့် သားသား **"သုခပြည့်စုံ"**၏ (၈)နှစ်မြောက်မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောက၏အလင်း၊ လောက၏ဆားသဖွယ်၊ ထွန်းလင်းတောက်ပသောကြယ်ကဲ့သို့ အေးချမ်းသာယာသော ဘဝခရီးကိုလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဘွားဘွား - ဒေါ်အုန်းမြင့်(ကျောက်ပန်းတောင်းမြို့)
ပါးပါး - ဦးချစ်ကိုကို(ဌာနမှူး) အင်ဂျင်နီယာဌာန၊ ဒဂုံတက္ကသိုလ်
မိုးမိုး - ဒေါ်နော်ခင်ထွေးရီ(ခ)နော်ထွေး (သန်လျင် TU-ငြိမ်း)
နှစ်ဖက် - ဦးဦး၊ ဒေါ်ဒေါ်၊ ညီအစ်ကိုမောင်နှမများ






# ကော့သောင်းမြို့တွင် ကျေးလက်အိမ်ရာပြီးစီး၍ လွှဲပြောင်းပေးအပ်

**ကော့သောင်း၊ ဇန်နဝါရီ ၃**

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကော့သောင်းမြို့နယ် ချောင်းဝကျေးရွာ၌ တည်ဆောက်ပြီးစီးသည့် ကျေးလက်အိမ်ရာ ၁၀ လုံး ဖွင့်လှစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားအား ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ကမ်းရိုးတန်း ကျားဆောက်လုပ်ရေးကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာတို့က ကျေးလက်အိမ်ရာဆောက်လုပ်ခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင် ဦးငြိမ်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အိမ်ရာ ၁၀ လုံးနှင့် စပ်လျဉ်းသည့် အထောက်အထားစာ ရွက်စာတမ်းများအား ကမ်းရိုးတန်းကျားဆောက်လုပ်ရေးကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းငြိမ်းအေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးငြိမ်းမောင်သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျေးလက်ဦးစီးမှူးနှင့် ကမ်းရိုးတန်း ကျားဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က ကျေးလက်အိမ်ရာများအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါအိမ်ရာများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကမ်းရိုးတန်းကျား ဆောက်လုပ်ရေးကုမ္ပဏီမှ ၁၈×၂၄×၉ ဒသမ ၆ ပေ ကျေးလက်အိမ်ရာ ၁၀ လုံးအား ၂၀၁၅ ခုနှစ် စက်တင်ဘာက စတင်ဆောက်လုပ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ရာ အဆိုပါ ကျေးလက်အိမ်ရာများတွင် ကိုယ်ပိုင်အိုးအိမ်အစရှိသည့် ကျေးလက်ပြည်သူများအား အခမဲ့နေထိုင်ခွင့် ပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (IPRD)**



## ကာကွယ်ဆေးထိုးသင်တန်းသားများလက်တွေ့ကွင်းဆင်းဆောင်ရွက်

**ခမောက်ကြီး ဇန်နဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော သုံးရက်ကြာကာ ကွယ်ဆေးထိုးသင်တန်းအား ဒီဇင်ဘာ ၃၁ ရက်က ဒေါက်တာနိုင်တင်ထွန်း ဦးဆောင်မှုဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ အဆိုပါနေ့တွင် ခမောက်ကြီးမြို့ ရပ်ကွက်အတွင်း တနိုင်တပိုင်မွေးမြူထားသော ဝက်များအား ကျရောက်လာသောရောဂါများ ကြိုတင်ကာကွယ်ဆေးထိုးပေးခြင်းများကို တစ်အိမ်တက် တစ်အိမ်ဆင်းပြီး လက်တွေ့ကွင်းဆင်းကာ ရောဂါများရှာဖွေပေးခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးပေးခြင်း၊ ဆေးထိုးနည်းစနစ်များကို ထိထိရောက်ရောက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ခမောက်ကြီး( ပြန်/ဆက်)**



## ကျိုက္ခမ်း – ကလေးလမ်းမကြီးအား ကတ္တရာ၊ ကွန်ကရစ်ဖြင့် အဆင့်မြှင့်တင်

**ကလေး ဇန်နဝါရီ ၃**

ကျီကုန်း -ကလေးလမ်းမကြီးအား ပြည်သူများ၏ သွားလာရေး ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကျီကုန်း-ကလေး လမ်းပိုင်း မိုင်တိုင်အမှတ် ၀/၀ မှ ၃/၀ကြား လမ်းအရှည် လေးဖာလုံကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၉၉ ဒသမ ၆၆ သန်း အကုန်အကျခံကာ လက်ရှိကတ္တရာလမ်းအား ကတ္တရာကွန်ကရစ် နှစ်လက်မထုနှင့် အနိမ့်အမြင့် ဖြေညှိ၍ လမ်းအကျယ် ၁၈ ပေ ဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက် ရှိသည်။

အဆိုပါ လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် ပြည်သူများ သွားလာရေး အမြန်ဆုံး အဆင်ပြေချောမွေ့စေရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)ဦးအောင်ကျော်ဦးနှင့် အတူ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းအပြင် ကလေးဝ-ကျီကုန်း-တမူးလမ်းပိုင်း မိုင်တိုင် အမှတ် ၇/၄ မှ ၉/၀ ကြား လမ်း အရှည် ခုနှစ် ဖာလုံ၏ ၃၀ရာခိုင်နှုန်းကိုလည်း ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၁၉၄ ဒသမ ၂၅၂ သန်း အကုန်အကျခံဖြင့် လက်ရှိကတ္တရာ လမ်းအား ကတ္တရာကွန်ကရစ် နှစ်လက်မထုနှင့် အနိမ့်အမြင့် ဖြေညှိ၍ လမ်းအကျယ် ၁၈ ပေဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦးကပြောသည်။

**ဂျိုးနက်**






ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ဆောင်းနှင်းသဇင်လမ်း၊ အမှတ်(၃၆)နေ ကွယ်လွန်သူဦးအေးဝင်း(၂)လပြည့်အားရည်စူး၍ ဇနီး ဒေါ်ခင်လေးနှင့် သားသမီးတစ်စုတို့မှ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း ရန်ကုန်သို့ အလှူငွေကျပ်(၁၀)သိန်းတိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးဦးအုံးမြင့်တို့မှ လက်ခံယူခဲ့ပါသဖြင့် ဝမ်းမြောက်သာဓုခေါ်နိုင်ပါသည်။



# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)အဆောက်အအုံပန္နက်တင်

**မန္တလေး ဇန်နဝါရီ ၃**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး)တည်ဆောက်ရေးပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်း ၆၅ လမ်းနှင့် ၆၆ လမ်းကြားရှိ ပြည်သူ့ကျန်းမာရေး ခတ်ခွဲခန်းဝင်းအတွင်းရှိ မြေနေရာတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ(မန္တလေး) အဆောက်အအုံသည် အလျားပေ ၁၂၀၊ အနံ ၄၅ ပေ အာစီ ခြောက်ထပ် အဆောက်အအုံဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီက စံချိန်စံညွှန်မီတည်ဆောက်သွားမည်ဖြစ်သည်။

အများပြည်သူတို့ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချရစေရန် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအောင်မြင်စေရန်ပြည်သူများမှ ပူးပေါင်းပါဝင်မှု လိုအပ်သည်။

သုံးစွဲနေသော ဆေးဝါးများတွင် မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင် အမှတ်မပါရှိလျှင် သော်လည်းကောင်း၊ သုံးစွဲနေကျဆေးဝါးများ၏ အရည်အသွေးကို သံသယဖြစ်လျှင် သော်လည်းကောင်း၊ ဆေးဝါးအတုဟု သံသယဖြစ်ဖွယ် ဆေးဝါးများတွေ့ရှိလျှင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)ဖုန်း ၀၂၆၂၁၀၈သို့ဆက်သွယ် အကြောင်းကြားနိုင်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

# သန်လျင်သီတာရေမြောင်းမြေထိန်းကျောက်စီလုပ်ငန်းရာနှုန်းပြည့်ပြီးစီး



**ရန်ကုန် ဇန်နဝါရီ ၃**

ရေကြီးရေလျှံမှုလျော့နည်းစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး မြို့တွင်းမြို့ပြင် ရေနုတ်မြောင်းများ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေနုတ်မြောင်းများ ပြုပြင်ထိန်းသိမ်းလျက်ရှိရာ သန်လျင်မြို့ ဖို့မြေလမ်း အရှည် ပေ ၆၀၀၊ ကျောက်နံရံအမြင့် ၆ ပေ၊ ကြမ်းခင်းအကျယ် ၁၂ ပေ ကျောက်စီလုပ်ငန်း အား သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅ ခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်ရာ ဒီဇင်ဘာလအကုန် လုပ်ငန်းအားလုံးပြီးစီးကြောင်း သိရသည်။

အဆိုပါ သီတာရေမြောင်းသည် သန်လျင်မြို့တွင်းမှ ပဲခူးမြစ်အတွင်းသို့ စီးဆင်းသောရေမြောင်းဖြစ်ပြီး ရေမြောင်း ပြုပြင်ထိန်းသိမ်းခြင်းကြောင့် ရေကြီးရေလျှံမှုလျော့နည်းစေပြီး ရေစီးရေလာကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

# လူမှုဖူလုံရေးရုံးနှင့်ဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီခွဲက ပဲခူးမြို့ဥသာမြို့သစ်ရပ်ကွက်ကြီး(၆) သမိန်ဗရမ်းလမ်းတွင် ကျင်းပသည်။

ရှေးဦးစွာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်တို့က ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းစာကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကာ အလုပ်သမားများကိုယ်စား ရွှေရိုးမစတားစက်ရုံ မှ ဦးကျော်လင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်သည်(၇၂'×၅၄')RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈၉ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လူမှုဖူလုံရေးရုံးများနှင့် ဆေးခန်းများတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသော အကျိုးဝင်ဌာနနှင့် အလုပ်သမားများအား မှတ်ပုံတင်ခြင်းထည့်ဝင်ကြေးများကောက်ခံခြင်း၊ အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ဆေးဝါးကုသပေးခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအပြင် အလုပ်တွင် ထိခိုက်မှုကိစ္စလုပ်ငန်းများဖြစ်ပေါ်သည့် အခါတိုင်း မိတ်ဖက်ဌာနများပါဝင်သောအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်း၊ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများမှ ကိုယ်စားလှယ်များနှင့် အလုပ်သမားများ တက်ရောက်ကြကြောင်းသိရသည်။

(၅၈၇)

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**
**နိုင်ငံခြားဘာသာစကားသင်တန်းသား လျှောက်လွှာခေါ်ယူခြင်း**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့် မြန်မာဘာသာ ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| သင်တန်းစတင်ဖွင့်လှစ်မည့်ရက် | - | ၁၈-၁-၂၀၁၆ ရက် |
| လျှောက်လွှာစတင်လက်ခံမည့်ရက် | - | ၁၂-၁-၂၀၁၆ ရက် |
| လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက် | - | သတ်မှတ်ထားသည့်သင်တန်းသားဦးရေ ပြည့်သည့်ရက် |
| လျှောက်လွှာလက်ခံမည့်နေရာ | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| သင်တန်းပို့ချမည့်နေ့ရက် | - | တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ |
| သင်တန်းပို့ချမည့်အချိန် | - | ညနေ ၅း၂၀-၇ နာရီ |
| ပညာအရည်အချင်း | - | တက္ကသိုလ်ဝင်စာမေးပွဲအောင် |
| တင်ပြရန်စာရွက်စာတမ်းများ | - | တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ (သို့မဟုတ်) အမှတ်စာရင်းမူရင်းနှင့် မိတ္တူ (သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ |
| စုံစမ်းရန်ဌာန | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၅၁၄၇၇၂၊ လိုင်းခွဲ(၈၀၉) |

သင်တန်းတက်ရောက်မည့်သူကိုယ်တိုင်လျှောက်လွှာလာရောက်တင်သွင်းရမည်။

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
• ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၅-၁-၂၀၁၆ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၇-၁-၂၀၁၆ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

**ချင်းတွင်းအသင်း(ရန်ကုန်)**
**နှစ်(၇၀)ပြည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**
**သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်အခြားဂုဏ်ပြုဆုပေးပွဲ**

| | | |
|---|---|---|
| နေ့ရက် | - | ၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့) |
| အချိန် | - | နံနက် ၈း၃၀နာရီမှ ၁၂း၀၀နာရီထိ |
| နေရာ | - | အနုတ္တရောပုရိသဓမ္မသာရထိဓမ္မာရုံ(ချင်းတွင်းအသင်းဓမ္မာရုံ) စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်။ |
| ညှော်ခံ | - | ပဲထမင်း၊ ရေခဲမုန့် |
| လက်ဆောင် | - | (က)ချင်းတွင်းပြက္ခဒိန်၊ (ခ)တီရှပ်၊ (ဂ)ကံစမ်းလက်ဆောင်များ |
| သတင်းပို့ရန် | - | ၈၀နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၁၅ခုနှစ်၊ မတ်လစာမေးပွဲတွင် ဂုဏ်ထူး(၂)ဘာသာအထက်ရရှိသူများ၊ နိုင်ငံတော်မှပေးအပ်သော ထူးချွန်ဆု၊ ဘွဲ့ထူးဂုဏ်ထူးရရှိသူ အသင်းဝင်များ ၂၀-၁-၂၀၁၆ရက် နောက်ဆုံးထား၍ သတင်းပို့ပါရန်။ |
| ဖိတ်ကြားခြင်း | - | နှစ်(၇၀)ပြည့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်၍ အသင်းဝင်များ၊ ချင်းတွင်းနယ်သားများ ကြွရောက်ချီးမြှင့်ပါရန်။ |
| ဆက်သွယ်ရန် | - | ဦးဇော်ဝိတ်-၀၉-၅၁၄၃၄၃၇၊ ဦးသိန်းလွင် ၀၉-၅၀၀၂၃၆၃ ဦးမြင့်ဆွေ- ၀၉-၅၁၄၇၈၈၃၊ ဦးဇော်လင်းဦး ၀၉-၅၁၆၅၇၈၅ |

စိုးဇင်စာပေ၏ စာအုပ်အမှတ် (၂၁)
ဒေါက်တာ စိုးလွင်
ရှက်ရှက်ရဲ့အတွင်းဘက်က
အနက်ရှိုင်းဆုံး ထွက်ပြီ
လျှို့ဝှက်ချက်များ အတွဲ(၃)
Tel:01 228297,
09 5049783,
09 450040767



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

ဂန္ဓဝင် ခန်းဆီးလိုက်ကာလုပ်ငန်း နှင့် အိမ်ခန်းပြုပြင်ရေး
ခန်းဆီးလိုက်ကာ ပိတ်စနှင့်တန်း၊ Remote လိုက်ကာတန်း၊
Vertical , Venetian Blinds တန်းနှင့် Express ကားလိုက်ကာများ
တပ်ဆင်ခြင်း၊ ဆိုဖာ၊ ကူရှင်များပြုလုပ်ခြင်း နှင့်
အခြားအိမ်ခန်းပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဈေးနှုန်းချိုသာစွာဖြင့်
ဝန်ဆောင်မှုပေးနေပါပြီ။
အမှတ်-၉၊ မြေညီထပ်၊ နောင်ရိုးလမ်း၊ မဆလာစက် (မှတ်တိုင်အနီး)၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ : ၂၀၂၂၃၂၊ ၀၉-၄၃၀၉၇၇၀၇၊ ၀၉-၉၇၂၂၉၀၆၃၉၊ ၀၉-၅၁၅၆၉၃၄

FAME
Nature A®
Carotenoid complex
သဘာဝ ဆေး
TMR 009439 (1014)
၂/၂၀၁၅ တဆကထ/တိုင်(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Phototec®
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
၂/၂၀၁၅ တဆကထ/တိုင်(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၁-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁-၂၀၁၆ ရက်နေ့မှ ၁-၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀ဝိ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၁၂၅၀၀ဝိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)(အခြေခံလစာ-၁၇၀၀၀ဝိ+အရည်အချင်းလစာ ၄၀၀ဝိ+ **M.H.R.A** ၁၀၀၀ဝိ=၁၈၄၀၀ဝိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| | **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ဝိ/- နှုန်းဖြင့် ၁၀၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)**

**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)**

**အသက် (၈၄)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) [သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)]သည် ၂၈-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့်**

---

## ရောင်းမည်(ညှိနှိုင်းဈေး)

သီလဝါဇုန်အနီး၊ လက်ယက်စမ်းလမ်းကျယ်၊ ဥယျာဉ်ခြံမြေ ၀. ၃၃၈ေက ပေ(၇၅×၁၉၅) အမည်ပေါက်၊ တစ်ထပ် B/N ရေ/မီးစုံ၊ ဈေး/ကျောင်းနီး၊ လူနေ/လုပ်ငန်းသင့်လျော်**ဖုန်း၀၉-၇၉၄၂၆၃၇၄၀၊ ၀၉-၂၅၀၁၇၃၂၆၁**

---

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး**

**အောင်မင်းခေါင်ကသစ်ဝိုင်ဓမ္မရိပ်သာရာသက်ပန်ဥက္ကဋ္ဌကြီး**

**ဦးသိန်းဟန်(ပဲခူး)**

**အသက်(၉၁)နှစ်**

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖေဖေကြီးကွယ်လွန်ခဲ့သည်မှာ ၄-၁-၂၀၁၆ရက်တွင် (၂)နှစ်ပြည့်ပြီဖြစ်သော်လည်း ဖေဖေ့၏ဂုဏ်ကျေးဇူးများကို တစ်နေ့မှမမေ့မရပါ။ ဖေဖေကြီးအားရည်စူးပြီး ပြုလုပ်ခဲ့သော နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုအစုစုကို ဖေဖေကြီးအား အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူဇနီးဒေါ်တင်ကြည်နှင့်မောင်နှမများ**

**သား၊ သမီးမြေး၊ မြစ်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)**

**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**အသက်(၈၄)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)သည် ၂၈-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**

**တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)**

**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်ခင်၏ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) [သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)] အသက် (၈၄)နှစ်သည် ၂၈-၁၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးတင်ရွှေ)-ဒေါ်ခင်စောလှ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး**

**ဦးစိန်လှ(ခ)ပန်းချီဇော်မော်**

**အသက် (၇၄) နှစ်**

ဦးဇော်ဇော်လင်း-ဒေါ်မေမြတ်သော် (Director of Sales-Adventure Myanmar Tours& Incentives Co.,Ltd)တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်လှ(ခ)ပန်းချီဇော်မော်သည် ၃၁-၁၂-၂၀၁၅ ရက် ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာမင်းဒင်၊ ဒေါက်တာချိုဦး**

**Amazing Holidays Hotels & Resorts Co.,Ltd မိသားစု**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်မိုးဝင်း**

**TOUR MANDALAY Co.,Ltd**

**အသက် (၅၁) နှစ်**

၂-၁-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားသော ဒေါ်ခင်မိုးဝင်း နာမကျန်းစဉ်က အထူးဂရုစိုက်ပြုစုပေးပါသော အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း၊ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျအရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညီကျော်သိန်း**

**အသက် (၄၆) နှစ်**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ မေးရိုးနှင့်ခံတွင်းဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးဒေါက်တာဇော်မိုးသိန်း၏ညီဖြစ်သူ ဦးညီကျော်သိန်းသည် ၁-၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် ရေကြည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မေးရိုးနှင့်ခံတွင်းဆေးပညာဌာနမိသားစု**

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညီကျော်သိန်း**

**အသက် (၄၆) နှစ်**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ မေးရိုးနှင့်ခံတွင်းဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးဒေါက်တာဇော်မိုးသိန်း၏ညီဖြစ်သူ ဦးညီကျော်သိန်းသည် ၁-၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် ရေကြည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မေးရိုးနှင့်ခံတွင်းဆေးပညာဌာနမိသားစု**

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးဖေ(သာယာဝတီ)**

**အသက်(၉၃)နှစ်**

Victoria University College ၏ ကျောင်းအုပ်ကြီး ဒေါက်တာနေဝင်းနိုင်-ဒေါ်သန်းသန်းနွယ်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးအေးဖေ အသက် (၉၃)နှစ်သည် ၂-၁-၂၀၁၆(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသားရေးရာဌာန-ဌာနမှူးနှင့်ဝန်ထမ်းများ**

**Victoria University College**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးဖေ(သာယာဝတီ)**

**အသက်(၉၃)နှစ်**

Victoria University College ၏ ကျောင်းအုပ်ကြီးဒေါက်တာနေဝင်းနိုင်-ဒေါ်သန်းသန်းနွယ်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးအေးဖေ အသက်(၉၃)နှစ်သည် ၂-၁-၂၀၁၆(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**

**Victoria University College**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးဖေ(သာယာဝတီ)**

**အသက်(၉၃)နှစ်**

Victoria University College ၏ ကျောင်းအုပ်ကြီးဒေါက်တာနေဝင်းနိုင်-ဒေါ်သန်းသန်းနွယ်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးအေးဖေ အသက်(၉၃)နှစ်သည် ၂-၁-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသား၊ ကျောင်းသူများ**

**Victoria University College**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်**

**အသက်(၈၄)နှစ်**

ကိုထွန်းမြင့် (1986 Mechanical)၏ မွေးမိခင်ကြီးသည် စင်ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူရင်း ၃၀-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့် သူငယ်ချင်း၏ ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**1986 Mech: ဘွဲ့ရပြည်တွင်းပြည်ပမှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်**

**အသက်(၈၄)နှစ်**

ဗိုလ်ကလေးမြို့နယ်အသင်း(ရန်ကုန်)၏ဒု-ဥက္ကဋ္ဌဟောင်း (ဦးမြဝင်း)၏ဇနီး ဒေါ်ခင်မြင့်သည် ၃၀-၁၂-၂၀၁၅ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဗိုလ်ကလေးမြို့နယ်အသင်း (ရန်ကုန်)မှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**ဗိုလ်ကလေးမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဲ ၂၄၅၈ ရဲမှူးကျော်ဆန်း**

**အသက် (၅၆)နှစ်**

**တပ်တွင်းဒုရဲအုပ်သင်တန်း (၁၄/၉၀)**

မှုခင်းရဲတပ်ဖွဲ့၊ အမှတ်(၁)မှုခင်းတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ရဲမှူးကျော်ဆန်းသည် ၁-၁-၂၀၁၆ ရက် နံနက် ၈း၄၀ နာရီတွင်နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲမှူးကြီးတင်ရွှေ၊ ရဲမှူးယုနိုင်၊ ရဲမှူးမြင့်အေး၊ ရဲမှူးသိန်းဝင်း၊**
**ရဲမှူးသန်းဆွေညွန့်၊ ရဲမှူးကျော်မိုးသက်၊ ရဲမှူးကျော်သက်ထွန်း၊ ရဲမှူးတင်ထွန်း၊**
**ရဲမှူးကိုကိုဦး၊ ရဲမှူး သိန်းလှိုင်၊ ဒုရဲမှူးသိန်းအေးနှင့်**
